


အတွဲ (၄) အမှတ် (၂) ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီ (၅) ရက်

## ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာ ၇ ရက်နေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၁၀) ကြိမ်မြောက် ဧရာဝတီ – ကျောက်ဖရား – မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ (အက်မက်စ်) ထိပ်သီးအစည်းအဝေးတွင် အမှာစကားပြောကြားခြင်းမှ ကောက်နုတ်ချက်




"ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုသည် ဒေသတွင်း ဝင်ငွေစီးဆင်းမှုကို သိသာစွာ ထောက်ပံ့ပေးလျက်ရှိပြီး ဆင့်ပွားအကျိုးသက်ရောက်မှုအဖြစ် ခရီးသွားလုပ်ငန်းဒေသများရှိ ဒေသခံပြည်သူများ၏ လူနေမှုအဆင့်အတန်း၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပညာရေးတို့ကို ထောက်ပံ့ပေးလျက်ရှိကြောင်း၊ ခရီးသွားလုပ်ငန်းသည် ဖွံ့ဖြိုးတိုးတက်မှု လိုအပ်ချက်နှင့် အလုပ်အကိုင်အခွင့်အလမ်း အခက်အခဲရှိသည့် ဝေးလံခေါင်ဖျားဒေသများကို ဖွံ့ဖြိုးတိုးတက်စေသည့် နည်းလမ်းတစ်ခုလည်းဖြစ်ကြောင်း"

---

## ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီ ၈ ရက်နေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ (၁/၂၀၂၅) အစည်းအဝေးတွင် အမှာစကားပြောကြားခြင်းမှ ကောက်နုတ်ချက်




"ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်အောင် ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်ပြီး မိမိတို့၏ ဒေသထွက်ကုန်ပစ္စည်းများ၊ စားသောက်ကုန်များ၊ အမှတ်တရလက်ဆောင်ပစ္စည်းများကို တွင်တွင်ကျယ်ကျယ် အသုံးပြုပြီး ထိုမှတဆင့် ကုန်ချောပစ္စည်းများ ပိုမိုထုတ်လုပ်နိုင်ရေး၊ လိုအပ်သည့် နည်းစနစ်များ၊ ဗဟုသုတများနှင့် သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲ၊ ပြပွဲပြိုင်ပွဲများအား သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်များတွင် ဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း"

# မာတိကာ


- ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာ ၇ ရက်နေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၁၀) ကြိမ်မြောက် ရောဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ (အက်မက်စ်) ထိပ်သီးအစည်းအဝေးတွင် အမှာစကားပြောကြားခြင်းမှ ကောက်နုတ်ချက် ၁
- ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီ ၈ ရက်နေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးအမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ (၁/၂၀၂၅) အစည်းအဝေးတွင် အမှာစကားပြောကြားခြင်းမှ ကောက်နုတ်ချက် ၁၊ ၃
- နေပြည်တော်၌ ရုရှားဘာသာစကား(အခြေခံ)သင်တန်းဖွင့်လှစ် ၄
- ပဥ္စမအကြိမ်အမျိုးသားအားကစားပွဲတော်တွင် တည်းခိုနေထိုင်ရေးနှင့် ဧည့်ခံကျွေးမွေးရေး လုပ်ငန်းတာဝန်များ ထမ်းဆောင်ခဲ့သည့် ပုဂ္ဂိုလ်များနှင့် ဆုရပြိုင်ပွဲဝင် အားကစားသမားများအား ဂုဏ်ပြုချီးမြှင့် ၄
- ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် Exploring Myanmar Culture and Tourism Organization ၏ ဥက္ကဋ္ဌ Mr. David Liu ကို လက်ခံတွေ့ဆုံ ၅
- ရန်ကုန်မြို့၌ အာဆီယံ-ဂျပန်ဗဟိုဌာန၏ ပံ့ပိုးကူညီမှုဖြင့် ဂျပန်ဟင်းလျာချက်ပြုတ်နည်း သင်တန်းဖွင့် ၅
- ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ ဗီယက်နမ်နိုင်ငံ ဟွိုင်အန်းမြို့၌ ကျင်းပသည့် ပထမအကြိမ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ခရီးသွားလုပ်ငန်းညီလာခံတက်ရောက် ၅-၆
- ပြည်ထောင်စုဝန်ကြီးဒေါက်တာသက်သက်ခိုင်အာဆီယံ- တရုတ်စင်တာ အတွင်းရေးမှူးချုပ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ ၆
- မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်သည့် ထိုင်းခရီးသွားဧည့်သည်များ အမှတ်တရသစ်ပင်စိုက်ပျိုး၊ ဝန်ကြီးဌာနအားကစားအသင်းအောင်နိုင်ရေးအလံပေးအပ် ၆-၇
- ဟိုတယ်နှင့်ခရီးသွားကဏ္ဍတွင် အသက်မွေးဝမ်းကျောင်း ပညာရပ်ကိုစနစ်တကျ မြှင့်တင်ခြင်းအားဖြင့် အလုပ်အကိုင်အခွင့်အလမ်းများတိုးပွားလာနိုင် ၇-၈
- ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် ပြည်ထောင်စုနယ်မြေ မကျည်းပင်ကျေးရွာအုပ်စု၊ ညောင်ပင်သာကျေးရွာ ပြန်လည်ထူထောင်ရေးစီမံကိန်း ဖော်ဆောင်နေမှုသွားရောက်ကြည့်ရှု ၈
- (၆)ကြိမ်မြောက် အက်ခ်မက်ခရီးသွားလုပ်ငန်းဝန်ကြီးများ အစည်းအဝေး ရန်ကုန်မြို့၌ကျင်းပ ၈-၉
- ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် (၇)ကြိမ်မြောက် စီအယ်လ်အမ်ဗွီ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးနှင့် (၆) ကြိမ်မြောက် အက်ခ်မက်ခရီးသွားလုပ်ငန်း အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးများ၏ ဖွင့်ပွဲအခမ်းအနားနှင့်ကြိုဆိုညစာစားပွဲ အခမ်းအနားများသို့တက်ရောက် ၉
- ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနတွင် နိုင်ငံအဆင့်ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဆိုင်ရာသက်မွေးသင်တန်းကျောင်းတည်ထောင်နိုင်ရေး အကြိုညှိနှိုင်းအစည်းအဝေးကျင်းပ ၉-၁၀
- တရုတ်ဘာသာစကားပြော HSK-II သင်တန်းဖွင့် ၁၀
- မုန့်ဖုတ်နည်းအခြေခံသင်တန်းအမှတ်စဉ်(၁၁)သင်တန်းတွင် နိုင်ငံတကာ မုန့်ဖုတ်နည်းအမျိုးအစား ၄၈ မျိုးကို သင်ကြားပို့ချပေးသွားမည် ၁၀-၁၁
- ဟိုတယ်နှင့်ဧည့်ဝန်ဆောင်မှု နယ်ပယ်ဝန်ဆောင်မှု အရည်အသွေးမြှင့်တင်ရေးသင်တန်းများဖွင့်ပွဲကျင်းပ ၁၁
- ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး ရှမ်းပြည်နယ် (တောင်ပိုင်းနှင့်အရှေ့ပိုင်း) ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက် ၁၁-၁၂
- အာဆီယံ-တရုတ်စင်တာ အတွင်းရေးမှူးချုပ် Mr.Shi Zhongjun ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး အလုပ်သဘောညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ ၁၂
- တောင်ကြီးမြို့၌ ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ ရုရှားဘာသာစကား သင်တန်းဖွင့်ပွဲကျင်းပ ၁၂-၁၃
- တောင်ကြီးနှင့်အင်းလေးဒေသ ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက် ၁၃
- ဒုတိယဝန်ကြီးဦးဖြိုးဇော်စိုး ကလောနှင့်ပင်းတယဒေသတို့၌ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကွင်းဆင်း ဆောင်ရွက် ၁၃
- ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး ပဥ္စမအကြိမ်အမျိုးသားအားကစားပွဲတော်တွင် တိုင်းဒေသကြီး/ပြည်နယ် ကိုယ်စားပြုဝင်ရောက်ယှဉ်ပြိုင်မည့် ပြိုင်ပွဲဝင်အားကစားသမားများ ရောက်ရှိတည်းခိုနေထိုင်မှုနှင့်ပြင်ဆင်ထားရှိမှုအခြေအနေ သွားရောက်ကြည့်ရှုစစ်ဆေး ၁၃-၁၄
- ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး ပဥ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲအခမ်းအနားတွင် ဖျော်ဖြေတင်ဆက်မည့် ကျောင်းသားကျောင်းသူများ တည်းခိုနေထိုင်မည့် အဆောင်များ ကြည့်ရှုစစ်ဆေး ၁၄
- ဒုတိယဝန်ကြီးဦးဖြိုးဇော်စိုး ပဥ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင်ပြိုင်ပွဲဝင်မည့် အားကစားသမားများအုပ်ချုပ်သူ/နည်းပြများကို ဧည့်ခံကျွေးမွေးနေမှု အခြေအနေများ ကြည့်ရှုစစ်ဆေး ၁၄-၁၅
- ဒုတိယဝန်ကြီးဦးဖြိုးဇော်စိုး ပဥ္စမအကြိမ်အမျိုးသားအားကစားပွဲတော်အခမ်းအနားများတွင် ဝန်ဆောင်မှုပေးမည့် ဟိုတယ်များမှ တာဝန်ရှိသူများနှင့်တွေ့ဆုံ ၁၅
- အာဆီယံခရီးသွားလုပ်ငန်းညှိနှိုင်းအစည်းအဝေး၊ ကမ္ဘာလုံးဆိုင်ရာ ရေရှည်တည်တံ့ခိုင်မြဲသော ခရီးသွားလုပ်ငန်း ကွန်ဖရင့်နှင့် အာဆီယံအပျော်စီးသင်္ဘောခရီးသွားလုပ်ငန်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများကျင်းပ ၁၅-၁၆
- လုပ်ငန်းလိုင်စင် (၄)မျိုး ခွင့်ပြုပေးထားမှု၊ ဟိုတယ်၊ တည်းခိုရိပ်သာများ ဖွင့်လှစ်ထားမှု၊ ပြည်ပဧည့်သည်လာရောက်မှုများ ၁၆
- လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများ ၁၇
- ခရီးသွားမြှင့်တင်ရေးအတွက် ဆောင်ရွက်လျက်ရှိသောအစီအစဉ်များ ၁၇
- နိုင်ငံတကာနှင့်ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုအစီအစဉ်များ ၁၇-၁၈
- ကရင်ပြည်နယ် ၁၈
- မွန်ပြည်နယ် ၁၈
- ရှမ်းပြည်နယ် ၁၈-၁၉
- စစ်ကိုင်းတိုင်းဒေသကြီး ၁၉
- မကွေးတိုင်းဒေသကြီး ၁၉-၂၀
- ရောဝတီတိုင်းဒေသကြီး ၂၀
- ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် (၆)ကြိမ်မြောက် အက်မက်စ်ခရီးသွားလုပ်ငန်းဝန်ကြီးများအစည်းအဝေးတက်ရောက် ၂၀


**********

○ **ရှေ့ဖုံးမှ**

အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ (၁/၂၀၂၅) အစည်းအဝေးကို ဇန်နဝါရီ ၈ ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ကျောက်စိမ်းခန်းမ၌ကျင်းပရာ အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ဗဟိုကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ ဗဟိုကော်မတီအကြံပေးပုဂ္ဂိုလ်၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်၊ ခရီးသွားလုပ်ငန်းဆိုင်ရာ တတ်သိပညာရှင်များ၊ ပုဂ္ဂလိကခရီးသွားလုပ်ငန်း အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ဝန်ကြီးချုပ်များနှင့် စီးပွားရေးရာဝန်ကြီးများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးဗိုလ်ချုပ်ကြီးမြထွန်းဦးက ယနေ့အစည်းအဝေးကို (၁/၂၀၂၄) ကြိမ်မြောက်ဗဟိုကော်မတီအစည်းအဝေးမှ ထွက်ပေါ်လာသည့် ဆွေးနွေးတင်ပြချက်များ၊ ဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှုအခြေအနေများကို သိရှိသုံးသပ်နိုင်ရန်နှင့် ခရီးသွားရာသီကာလတွင် နိုင်ငံတကာခရီးသွားဧည့်သည်များ ပိုမိုရောက်ရှိရေး၊ ဝန်ကြီးဌာနနှင့်အတူ တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရများမှ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို အရှိန်မြှင့်ဆောင်ရွက်နိုင်ရေး ဆွေးနွေးအဖြေရှာရန် ကျင်းပရခြင်းဖြစ်ပါကြောင်း၊

ကမ္ဘာ့ဒေသအသီးသီးတွင် ခရီးသွားဧည့်သည်များ ပိုမိုရောက်ရှိလာစေရန်အတွက် ခရီးသွားလုပ်ငန်းကဏ္ဍစီမံကိန်းများတွင် ရင်းနှီးမြှုပ်နှံမှုများတိုးချဲ့မှု၊ visa ဖြေလျှော့မှု၊ လေကြောင်းလိုင်းများတိုးချဲ့ပျံသန်းမှု၊ ဈေးကွက်မြှင့်တင်ရေး ပိုမိုလုပ်ဆောင်မှု၊ ခရီးစဉ်ဒေသများတွင် ခရီးသွားထုတ်ကုန်များဖော်ထုတ်မှု၊ events များ လက်ခံကျင်းပမှု စသည့် အစီအစဉ်များချမှတ်ဆောင်ရွက်လာကြသည်ကို တွေ့ရှိရကြောင်း၊ မြန်မာနိုင်ငံအနေဖြင့်လည်း နိုင်ငံ၏ စီးပွားရေးကို အထောက်အကူပြုစေမည့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်တွင်းခရီးသွားများ လွယ်ကူချောမွေ့စွာ ခရီးသွားလာနိုင်ရေးနှင့် ပြည်ပခရီးသည်များ ပိုမိုလာရောက်ရေးတို့ကို အခြားနိုင်ငံများနည်းတူ အလေးထားဆောင်ရွက်ကြရန် လိုအပ်ကြောင်းပြောကြားခဲ့ပါသည်။

ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်အောင် ခရီးသွားလုပ်ငန်းနှင့်ဆက်စပ်ပြီး မိမိတို့၏ ဒေသထွက်ကုန်ပစ္စည်းများ၊ စားသောက်ကုန်များ၊ အမှတ်တရလက်ဆောင်ပစ္စည်းများကို တွင်တွင်ကျယ်ကျယ် အသုံးပြုပြီး ထိုမှတစ်ဆင့် ကုန်ချောပစ္စည်းများ ပိုမိုထုတ်လုပ်နိုင်ရေး၊ လိုအပ်သည့်နည်းစနစ်များ၊ ဗဟုသုတများနှင့် သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲ၊ ပြပွဲပြိုင်ပွဲများအား သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်များတွင် ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်းပြောကြားခဲ့ပါသည်။

သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီများအနေဖြင့် ခရီးသွားလုပ်ငန်းကော်မတီ၏ လမ်းညွှန်မှုနှင့်ခရီးစဉ်ဒေသများ ရှုခင်းဖွံ့ဖြိုးရေး၊ သန့်ရှင်းသာယာလှပရေး၊ ဒေသထွက်အစားအသောက်များ၊ တိုင်းရင်းသားရိုးရာအစားအစာများ၊ ကျန်းမာရေးနှင့်ညီညွတ်မှုရှိပြီး အဆင့်မီစွာဖြင့် ဝန်ဆောင်မှုပေးနိုင်ရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများက ဒေသခံများနှင့် လက်တွဲပြီး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ မြန်မာနိုင်ငံ၏ခရီးစဉ်များသည် လုံခြုံစိတ်ချဘေးအန္တရာယ်ကင်းစွာ သွားလာလည်ပတ်နိုင်သည့် ပကတိအခြေအနေမှန်ကို ခရီးသွားများအချိန်တိုတိုအတွင်း ထိထိရောက်ရောက်သိရှိအောင် အဓိကထားဆောင်ရွက်ကြရန် မှာကြားလိုကြောင်း၊ မိမိတို့နိုင်ငံ၏ ထူးခြားသည့် ခရီးသွားထုတ်ကုန်နှင့် ဝန်ဆောင်မှုများကိုလည်း Digital Platform များမှတစ်ဆင့်ကမ္ဘာ့ခရီးသွားအသိုက်အဝန်းက သိရှိနိုင်ရန် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားရန် တိုက်တွန်းလိုကြောင်းပြောကြားသည်။



ထို့နောက် အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က ယခင်ကျင်းပခဲ့သည့် ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီအစည်းအဝေးများမှ ဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်လျက်ရှိသည့်အခြေအနေ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းကဏ္ဍ၏ လက်ရှိအခြေအနေများနှင့် အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သင့်သည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြသည်။



ယင်းနောက် ဗဟိုကော်မတီ အတွင်းရေးမှူး ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးဖြိုးဇော်စိုးက ဗဟိုကော်မတီ (၁/၂၀၂၄) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်လျက်ရှိသည့်အခြေအနေနှင့် ဗဟိုကော်မတီသို့ တင်သွင်းလာသည့် အမှာစာများကို ဖတ်ကြားတင်ပြပြီး အတည်ပြုချက်ရယူသည်။

ဆက်လက်၍ ဗဟိုကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများ၊ ဗဟိုကော်မတီ အကြံပေးပုဂ္ဂိုလ်၊ နေပြည်တော်ကောင်စီဝင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှ စီးပွားရေးရာဝန်ကြီးများ ပုဂ္ဂလိကခရီးသွားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ခရီးသွားလုပ်ငန်းတတ်သိပညာရှင်များနှင့် တာဝန်ရှိသူများက ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းဆွေးနွေးတင်ပြကြရာ ဗဟိုကော်မတီဥက္ကဋ္ဌက ဖြည့်စွက်ဆွေးနွေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးဗိုလ်ချုပ်ကြီးမြထွန်းဦးက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့ပါသည်။

## နေပြည်တော်၌ ရုရှားဘာသာစကား(အခြေခံ)သင်တန်းဖွင့်လှစ်



ရုရှားနိုင်ငံသား ခရီးသွားဧည့်သည်များ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်စဉ် ကောင်းမွန်သော ဝန်ဆောင်မှုပေးနိုင်ရန်ရည်ရွယ်၍ ရုရှားဘာသာစကား(အခြေခံ)သင်တန်းဖွင့်ပွဲကို ဇန်နဝါရီ ၂၇ ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ Grand Amara Hotel ၌ ကျင်းပသည်။

အခမ်းအနားသို့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်း၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ နေပြည်တော်ဟိုတယ်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ နေပြည်တော်ရှိ ဟိုတယ်များမှ မန်နေဂျာများ၊ ရုရှား-မြန်မာ ချစ်ကြည်ရေးအသင်းမှ နည်းပြဆရာများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ ခရီးသွားဈေးကွက်ဝင်နိုင်ငံဖြစ်သည့် ရုရှားနိုင်ငံမှ ရုရှားခရီးသွားဧည့်သည်များ လာရောက်လည်ပတ်ရာတွင် ၎င်းတို့နိုင်ငံ၏ ဘာသာစကားများဖြင့် ဝန်ဆောင်မှုပေးနိုင်ရန်အတွက် ရုရှားဘာသာစကားဒီပလိုမာသင်တန်းများ၊ ရုရှားဘာသာစကား(အခြေခံ) သင်တန်းများနှင့် မွမ်းမံသင်တန်းများကို ပြည်ထောင်စုနယ်မြေ နေပြည်တော် အပါအဝင်သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ ခရီးသွားကဏ္ဍ၌ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စီမံကိန်းများကို အကောင်အထည်ဖော်ခြင်းဖြင့် ဒေသခံပြည်သူများနှင့်အခွင့်အရေးကို လက်လှမ်းမမီသည့် လူငယ်လူရွယ်များအတွက် အလုပ်အကိုင် အခွင့်အလမ်းများရရှိစေရန် ကူညီဆောင်ရွက် ပေးလျက်ရှိကြောင်းပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက နေပြည်တော်သို့ နိုင်ငံခြားသား ခရီးသည်များနှင့် ရုရှားနိုင်ငံသားခရီးသည်များ လာရောက်မှုနှင့် ခရီးစဉ်ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဧည့်သည်တော်များနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓါတ်ပုံရိုက်ကြပြီး သင်တန်းသား သင်တန်းသူများအား သင်တန်းပို့ချပေးနေမှုကို လှည့်လည်ကြည့်ရှုသည်။

အဆိုပါ သင်တန်းသို့ နေပြည်တော်ပြည်ထောင်စုနယ်မြေအတွင်းရှိ ဟိုတယ်နှင့်တည်းခိုရိပ်သာများမှ ဝန်ထမ်းများတက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ်ကြာ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပါသည်။

## ပဉ္စမအကြိမ်အမျိုးသားအားကစားပွဲတော်တွင် တည်းခိုနေထိုင်ရေးနှင့် ဧည့်ခံကျွေးမွေးရေး လုပ်ငန်းတာဝန်များ ထမ်းဆောင်ခဲ့သည့်ပုဂ္ဂိုလ်များနှင့် ဆုရပြိုင်ပွဲဝင် အားကစားသမားများအား ဂုဏ်ပြုချီးမြှင့်

ပဉ္စမအကြိမ်အမျိုးသားအားကစားပွဲတော်တွင် တည်းခိုနေထိုင်ရေးနှင့်ဧည့်ခံကျွေးမွေးရေးလုပ်ငန်းတာဝန်များထမ်းဆောင်ခဲ့သည့် ပုဂ္ဂိုလ်များနှင့် ဆုရပြိုင်ပွဲဝင် အားကစားသမားများ ဂုဏ်ပြုချီးမြှင့်ခြင်းအခမ်းအနားကို ဒီဇင်ဘာ ၂၇ ရက်နေ့နံနက်ပိုင်းတွင် နေပြည်တော်ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ကျောက်စိမ်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာသက်သက်ခိုင်၊ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် အရာရှိကြီးများ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနမှ အရာရှိကြီးများ၊ တည်းခိုနေထိုင်ရေးနှင့် ဧည့်ခံကျွေးမွေးရေး ဆပ်ကော်မတီဝင်များ၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ကိုယ်စားပြုအားကစားသမားများ၊ အုပ်ချုပ်သူနှင့်နည်းပြများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။




ဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ အားကစားအဖွဲ့များ၊ အုပ်ချုပ်သူ/ နည်းပြများ၊ ဒိုင်/ဂျူရီများ၊ ဖွင့်ပွဲ/ပိတ်ပွဲများတွင် ဖျော်ဖြေသည့် ကျောင်းသားကျောင်းသူများ၊ အထောက်အကူပြုအဖွဲ့များ စုစုပေါင်းအင်အား တစ်သောင်းကျော်အတွက် တည်းခိုနေထိုင်ရေးနှင့် ဧည့်ခံကျွေးမွေးရေး ဆပ်ကော်မတီ၏ လုပ်ငန်းတာဝန်များ ကို အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့သည့် ဆပ်ကော်မတီဝင်များနှင့် ဝန်ထမ်းများ၊ အနိုင်အရှုံးကို အဓိကမထားဘဲ အားကစားစိတ်ဓာတ်ဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့သည့် ပြိုင်ပွဲဝင် အားကစားသမားများအားလုံးကို အသိအမှတ်ပြုပါကြောင်း၊ နောင်လာမည့် အားကစားပြိုင်ပွဲများတွင်လည်း နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်၊ စည်းလုံးညီညွတ်မှုဖြင့် ဝန်ကြီးဌာန၏ အားကစားကဏ္ဍ အောင်မြင် ထွန်းပေါက်စေရေးအတွက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ဝိုင်းဝန်းကြိုးစားဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ တိုက်တွန်းပြောကြားသည်။

ထို့နောက် တည်းခိုနေထိုင်ရေးနှင့်ဧည့်ခံကျွေးမွေးရေးဆပ်ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးဦးဖြိုးဇော်စိုးက လုပ်ငန်းဆောင်ရွက်ခဲ့မှုအခြေအနေများ၊ ပြင်ဆင်ဆောင်ရွက်သွားသင့်သည့်ကိစ္စရပ်များ၊ အားကစားနည်းအလိုက် အောင်မြင်တိုးတက်ခဲ့မှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် အမြဲတမ်းအတွင်းဝန်တို့က တည်းခိုနေထိုင်ရေးနှင့် ဧည့်ခံကျွေးမွေးရေးလုပ်ငန်းတာဝန်များကို ထမ်းဆောင်ခဲ့သည့် ပုဂ္ဂိုလ်များနှင့် ပံ့ပိုးဆောင်ရွက်ပေးခဲ့သူများ၊ ပိုက်ကျော်ခြင်းနှစ်ယောက်တွဲပြိုင်ပွဲတွင် ဒုတိယဆုရရှိခဲ့သည့် နည်းပြနှင့် အားကစားသမားများ၊ ဖွင့်ပွဲ/ ပိတ်ပွဲအခမ်းအနားတွင် တည်ခင်းဧည့်ခံခဲ့သော ရွှေနန်းတော်ဟိုတယ်၊ ဟိုတယ်မက်စ်နှင့် ရှိုင်ရယ်မင်္ဂလာစားသောက်ဆိုင်တို့မှ တာဝန်ရှိသူများကို ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် တည်းခိုနေထိုင်ရေးနှင့် ဧည့်ခံကျွေးမွေးရေးလုပ်ငန်းတာဝန်များကို ထမ်းဆောင်ခဲ့သည့် ပုဂ္ဂိုလ်များနှင့် ပံ့ပိုးဆောင်ရွက်ပေးခဲ့သူများ၊ ဆုရအားကစားသမားများနှင့် နည်းပြ၊ အုပ်ချုပ်သူများကို နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့ပါသည်။

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် Exploring Myanmar Culture and Tourism Organization ၏ ဥက္ကဋ္ဌ Mr. David Liu ကို လက်ခံတွေ့ဆုံ



ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာသက်သက်ခိုင်သည် ဒီဇင်ဘာ ၂၆ရက်နေ့ နံနက်ပိုင်းတွင် မြန်မာ-တရုတ်နှစ်နိုင်ငံ ခရီးသွားမြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များကို စဉ်ဆက်မပြတ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံ ရန်ကုန်မြို့အခြေစိုက် Exploring Myanmar Culture and Tourism Organization ၏ ဥက္ကဋ္ဌ Mr. David Liu အား ဝန်ကြီးဌာနရှိ ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် တရုတ်-မြန်မာ အစိုးရ-ပုဂ္ဂလိက ကဏ္ဍများအကြား ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ဆောင်ရွက်သွားရန်၊ မြန်မာနိုင်ငံရှိခရီးစဉ်ဒေသများအကြောင်း တရုတ်ခရီးသွားဧည့်သည်များ ပိုမိုသိရှိနိုင်ရေးအတွက် တရုတ်နိုင်ငံသုံး Social Media အကောင့်များမှတစ်ဆင့် မြှင့်တင်ကြော်ငြာသွားနိုင်ရေး ပူးပေါင်းဆောင်ရွက်ရန်၊ မြန်မာနိုင်ငံရှိ ဟိုတယ်နှင့်ခရီးသွားကဏ္ဍ၌ တရုတ်နိုင်ငံသားလုပ်ငန်းရှင်များ လာရောက်ရင်းနှီးမြှုပ်နှံကြရေး၊ တရုတ်နိုင်ငံမှ ပင်လယ်ရေကြောင်း အပျော်စီးသင်္ဘောများဖြင့် လာရောက်မည့် ခရီးသွားဧည့်သည်များကို ဖိတ်ခေါ်ရေး၊ အပျော်စီးသင်္ဘောခရီးစဉ်များ စီစဉ်ဆောင်ရွက်သွားနိုင်ရေး၊ ခရီးသွားမြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များနှင့် တရုတ်ခရီးသွားဧည့်သည်များ ပိုမိုဝင်ရောက်လာရေးအတွက် Exploring Myanmar Culture and Tourism Organization နှင့် ပူးပေါင်းဆောင်ရွက်သွားနိုင်ရေး ဆွေးနွေးကြပြီး မြန်မာ-တရုတ် နှစ်နိုင်ငံခရီးသွားမြှင့်တင်ရေးဆိုင်ရာ ကိုယ်စားလှယ်အဖြစ် အသိအမှတ်ပြုလက်မှတ်ကို Exploring Myanmar Culture and Tourism Organization ၏ ဥက္ကဋ္ဌ Mr. David Liu ထံ ပေးအပ်ခဲ့ပါသည်။

## ရန်ကုန်မြို့၌ အာဆီယံ-ဂျပန်ဗဟိုဌာန၏ ပံ့ပိုးကူညီမှုဖြင့် ဂျပန်ဟင်းလျာချက်ပြုတ်နည်း သင်တန်းဖွင့်




အာဆီယံ-ဂျပန်ဗဟိုဌာန၏ National Activity Project အဖြစ် ဟိုတယ်ဆိုင်ရာဝန်ဆောင်မှုသင်တန်းနှင့် ဂျပန်ဟင်းလျာချက်ပြုတ်နည်းသင်တန်းတို့ကို ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ "ဂျပန်ဟင်းလျာချက်ပြုတ်နည်းသင်တန်း" ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၃ ရက်နေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာန၌ ကျင်းပသည်။

အခမ်းအနားသို့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာသက်သက်ခိုင်၊ တာဝန်ရှိသူများ၊ အရာထမ်း/ အမှုထမ်းများ၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်းများမှ တာဝန်ရှိသူများ၊ သင်တန်းနည်းပြဆရာ ဆရာမများ၊ သင်တန်းသားသင်တန်းသူများက in person စနစ်ဖြင့် တက်ရောက်ကြပြီး ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံရုံးမှ သံအမတ်ကြီးဦးစိုးဟန်၊ အာဆီယံ-ဂျပန်ဗဟိုဌာနမှ Mr. Chairat, Director of Programme Operations နှင့် တာဝန်ရှိသူများက အွန်လိုင်းမှ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ဂျပန်ခရီးသွားဧည့်သည်များအတွက် ကောင်းမွန်သောဝန်ဆောင်မှုများပေးနိုင်ရန်နှင့် မြန်မာနိုင်ငံမှ ဟိုတယ်များ၊ စားသောက်ဆိုင်များနှင့် ဂျပန်အစားအစာချက်ပြုတ်ပြင်ဆင်ရောင်းချလိုသူများအတွက် အကျိုးရှိစေရန်ရည်ရွယ်၍ ယနေ့သင်တန်းကို ဖွင့်လှစ်ပို့ချခြင်းဖြစ်ပါကြောင်း၊ သင်တန်းသားများအနေဖြင့် ဂျပန်ဟင်းလျာပြင်ဆင်ခြင်း၊ ချက်ပြုတ်ခြင်းနှင့် ဝန်ဆောင်မှုပေးခြင်းတို့ကို စာတွေ့/လက်တွေ့ကြိုးစားသင်ယူလေ့လာကြရန်နှင့် ဟိုတယ်နှင့်ခရီးသွားကဏ္ဍ၏ ဝန်ဆောင်မှုအရည်အသွေးများမြှင့်တင်ကြရန် ဝိုင်းဝန်းကြိုးစားဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံရုံးမှ သံအမတ်ကြီး ဦးစိုးဟန်နှင့် အာဆီယံ-ဂျပန်ဗဟိုဌာနမှ Programme Operations ဒါရိုက်တာဖြစ်သူ Mr Chairat တို့က အွန်လိုင်းမှတစ်ဆင့် အမှာစကားများပြောကြားပြီး သင်တန်းသားများကို စာတွေ့/လက်တွေ့သင်ကြားပို့ချပေးနေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုသည်။ အဆိုပါသင်တန်းကို ရက်သတ္တပတ် လေးပတ်ကြာ ဖွင့်လှစ်သင်ကြားပို့ချပေးသွားမည်ဖြစ်ပါသည်။

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ ဗီယက်နမ်နိုင်ငံ ဟွိုင်အန်းမြို့၌ ကျင်းပသည့် ပထမအကြိမ်ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဆိုင်ရာ ခရီးသွားလုပ်ငန်းညီလာခံ တက်ရောက်



ကုလသမဂ္ဂခရီးသွားလုပ်ငန်းအဖွဲ့ (UN Tourism) နှင့် ဗီယက်နမ်နိုင်ငံ ယဉ်ကျေးမှု၊ အားကစားနှင့် ခရီးသွားလုပ်ငန်းဝန်ကြီးဌာနတို့ပူးပေါင်း၍ ပထမအကြိမ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ခရီးသွားလုပ်ငန်းညီလာခံကို

ဗီယက်နမ်နိုင်ငံ ဟွိုင်အန်းမြို့၌ ဒီဇင်ဘာ ၁၀ ရက်မှ ၁၁ ရက်အထိကျင်းပခဲ့ရာ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တက်ရောက်ခဲ့သည်။

ညီလာခံသို့ ကုလသမဂ္ဂခရီးသွားလုပ်ငန်းအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ၊ ပစိဖိတ်-အာရှခရီးသွားလုပ်ငန်းအဖွဲ့၊ မဲခေါင်ခရီးသွားညှိနှိုင်းရေးရုံး၊ အာရှဖွံ့ဖြိုးရေးဘဏ်၊ ကမ္ဘာ့စားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့တို့မှ တာဝန်ရှိသူများနှင့် Fliggy, Intrepid, Japan Travel Bureau, Meta, Traveloka အစရှိသည့် ခရီးသွားကုမ္ပဏီများနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ ရုပ်သံမီဒီယာများမှ ကိုယ်စားလှယ်များစသည့် နိုင်ငံပေါင်း၅၀ကျော်မှ ကိုယ်စားလှယ်များတက်ရောက်ခဲ့ကြသည်။

ပထမအကြိမ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ခရီးသွားလုပ်ငန်း ညီလာခံကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးတွင် ခရီးသွားလုပ်ငန်း၏ အရေးပါမှုများကို အလေးထားဆွေးနွေးရန်နှင့် နိုင်ငံအဆင့်၊ ဒေသတွင်းအစိုးရအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့်အတူတကွပူးပေါင်းဆောင်ရွက်ကြရန်ရည်ရွယ်၍ ကျင်းပခြင်းဖြစ်သည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဒီဇင်ဘာ ၁၀ ရက်နေ့ နံနက်ပိုင်းတွင် ပထမအကြိမ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ခရီးသွားလုပ်ငန်း ညီလာခံသို့ တက်ရောက်ခဲ့ကြပြီး ညီလာခံတွင် ဗီယက်နမ်နိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E. Mr. Pham Minh Chinh၊ ဗီယက်နမ်နိုင်ငံ၊ ယဉ်ကျေးမှု၊ အားကစားနှင့်ခရီးသွားလုပ်ငန်းဝန်ကြီးဌာန၊ ဝန်ကြီး H.E. Mr. Nguyen Van Hung၊ ဒုတိယဝန်ကြီး H.E. Mr. Ho An Phong၊ ကွမ်နမ်ပြည်နယ် ပြည်သူ့ကော်မတီ၏ Secretary H.E. Mr. Luong Nguyen Minh Triet၊ ကုလသမဂ္ဂခရီးသွားလုပ်ငန်းအဖွဲ့၏ အမှုဆောင်ဒါရိုက်တာ Ms. Zoritsa Urosevic တို့က အဖွင့်အမှာစကားပြောကြားခဲ့ကြသည်။

ထို့နောက် ခရီးသွားလုပ်ငန်းမှတဆင့် ကျေးလက်ဖွံ့ဖြိုးရေးအတွက် မူဝါဒများချမှတ်ရေး၊ အကောင်းဆုံးခရီးသွားကျေးရွာများ ဖော်ဆောင်ရာတွင် ဒေသခံများ၏ ဦးဆောင်မှုအခန်းကဏ္ဍ၊ စိုက်ပျိုးရေးနှင့် ခရီးသွားလုပ်ငန်း၏ ဆက်နွယ်မှု၊ ကျေးလက်ဖွံ့ဖြိုးရေးအတွက် ရန်ပုံငွေရရှိနိုင်မည့် အခွင့်အလမ်းများ၊ ခရီးသွားကျေးရွာများ ဖော်ဆောင်ရာတွင် လူငယ်များ၏ အခန်းကဏ္ဍ၊ စစ်မှန်သည့် ခရီးသွားအတွေ့အကြုံကောင်းများ ဖန်တီးပေးနိုင်မှု၊ ကျေးလက်ခရီးသွားလုပ်ငန်းတွင် ဒီဂျစ်တယ်၏ အခန်းကဏ္ဍ အစရှိသည့် ခေါင်းစဉ်များဖြင့် စကားဝိုင်းဆွေးနွေးပွဲများ ကျင်းပခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ညပိုင်းတွင် ဗီယက်နမ်နိုင်ငံယဉ်ကျေးမှု၊ အားကစားနှင့်ခရီးသွားလုပ်ငန်းဝန်ကြီးဌာနက တည်ခင်းဧည့်ခံသည့် ညစာစားပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ကြသည်။

ဒီဇင်ဘာ ၁၁ ရက်တွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ၂၀၂၄ ခုနှစ်အတွက် အကောင်းဆုံးခရီးသွားကျေးရွာအဖြစ် ရွေးချယ်ခြင်းခံရသည့် Tra Que စိုက်ပျိုးရေးကျေးရွာ၊ အိုးလုပ်ငန်းများဆောင်ရွက်သည့် Thanh Ha ကျေးရွာနှင့် ဟွိုင်အန်းရှေးဟောင်းမြို့များသို့ သွားရောက်၍ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်အဖြစ် သတ်မှတ်ထားသည့် ဟွိုင်အန်းဟင်းလျာများ ချက်ပြုတ်နိုင်ရန်အတွက် ဆောင်ရွက်ထားရှိမှု၊ နှစ်ပေါင်း ၅၀၀ ကျော်သက်တမ်းရှိ ရှေးဟောင်းရိုးရာ အိုးလုပ်ငန်းများနှင့် ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ဟွိုင်အန်းမြို့ဟောင်းရှိ အနောက်တိုင်းနှင့် အရှေ့တိုင်း ယဉ်ကျေးမှုအဆောက်အအုံများ၊ ဗိသုကာလက်ရာများ၊ နှစ်ပေါင်း၄၀၀ကျော်သက်တမ်းရှိ Cau ဘုရား၊ စဉ့်ထည်ပြတိုက်နှင့် လက်မှုလုပ်ငန်းများကို လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြသည်။

ဒီဇင်ဘာ ၁၂ ရက် မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် လေကြောင်းခရီးဖြင့် ဗီယက်နမ်နိုင်ငံမှ ပြန်လည်ထွက်ခွာရာ ရန်ကုန်မြို့သို့ ညနေပိုင်းတွင် ရောက်ရှိပြီး ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှတာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ခဲ့ပါသည်။

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် အာဆီယံ - တရုတ်စင်တာအတွင်းရေးမှူးချုပ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာ သက်သက်ခိုင်သည် ဒီဇင်ဘာ ၉ ရက်နေ့ညနေပိုင်းက ပဉ္စမအကြိမ်အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲအခမ်းအနား တက်ရောက်မည့် ပေကျင်းမြို့ အခြေစိုက် အာဆီယံ-တရုတ်စင်တာ (ASEAN China Centre - ACC) ၏ အတွင်းရေးမှူးချုပ် Mr. Shi Zhongjun ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်မြို့ရှိ ဆိဒိုးနားဟိုတယ်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ခရီးစဉ်ဒေသများ၊ ခရီးသွားဆွဲဆောင်ရာနေရာများကို တရုတ်နိုင်ငံသားခရီးသည်များ ပိုမိုသိရှိလာရောက်လည်ပတ်ရေး၊ ကောင်းမွန်သောဝန်ဆောင်မှုများပေးနိုင်ရန် တရုတ်ဘာသာစကားသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးနိုင်ရေး၊ နှစ်နိုင်ငံခရီးသွားလုပ်ငန်းများတွင် ပုဂ္ဂလိကကဏ္ဍမှ ပိုမိုပါဝင်လာနိုင်ရေး၊ မြန်မာနိုင်ငံ၏ ဟိုတယ်နှင့်ခရီးသွားကဏ္ဍတွင် တရုတ်နိုင်ငံမှ ရင်းနှီးမြှုပ်နှံရေး၊ နှစ်နိုင်ငံခရီးသွားလုပ်ငန်းပူးပေါင်းဆောင်ရွက်မှု အားကောင်းလာစေရေး၊ ဝန်ကြီးဌာနနှင့် အာဆီယံ-တရုတ်စင်တာတို့ ပိုမိုနီးကပ်စွာပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီပံ့ပိုးနိုင်ရေးတို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးက အာဆီယံ - တရုတ်စင်တာအတွင်းရေးမှူးချုပ်နှင့်အဖွဲ့အား ညစာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

ဒီဇင်ဘာ ၉ ရက်နေ့နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ကုလသမဂ္ဂခရီးသွားလုပ်ငန်းအဖွဲ့ (UN Tourism) နှင့် ဗီယက်နမ်နိုင်ငံ၊ ယဉ်ကျေးမှု၊ အားကစားနှင့်ခရီးသွားလုပ်ငန်းဝန်ကြီးဌာနတို့ ပူးပေါင်းစီစဉ်မှုဖြင့် ဗီယက်နမ်နိုင်ငံ၊ ဟွိုင်အန်းမြို့၌ ဒီဇင်ဘာ ၁၀ ရက်မှ ၁၁ ရက်အထိ ကျင်းပမည့် ပထမအကြိမ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ခရီးသွားလုပ်ငန်း ညီလာခံတက်ရောက်ရန် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ထွက်ခွာသွားခဲ့ပါသည်။

## မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်သည့် ထိုင်းခရီးသွားဧည့်သည်များ အမှတ်တရသစ်ပင်စိုက်ပျိုး၊ ဝန်ကြီးဌာန အားကစားအသင်း အောင်နိုင်ရေးအလံပေးအပ်

မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ကြသည့် ထိုင်းနိုင်ငံသားခရီးသွားဧည့်သည်များ အမှတ်တရသစ်ပင်စိုက်ပျိုးခြင်းအခမ်းအနားကို ဒီဇင်ဘာ ၆ ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ Jasmine Naypyitaw Hotel ၌ ကျင်းပရာ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ

သက်သက်ခိုင်၊ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ထိုင်းနိုင်ငံသား ခရီးသွားဧည့်သည်များကို ဝန်ကြီးဌာန၏ ကျောက်စိမ်းခန်းမ၌ လက်ခံတွေ့ဆုံသည်။ တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံသို့ ထိုင်းနိုင်ငံသား ခရီးသွားဧည့်သည်များ ပိုမိုလာရောက်လည်ပတ်စေရေးအတွက် ဝန်ကြီးဌာန၏ website နှင့် web portal တို့တွင် ထိုင်းဘာသာစကားဖြင့် ရေးသားထားသည့် ခရီးသွားကဏ္ဍ အချက်အလက်များကို လွှင့်တင်ထားရှိခြင်း၊ ထိုင်းနိုင်ငံတွင် ကျင်းပသည့် ခရီးသွားပြပွဲများတွင် ပါဝင်ပြသခြင်း၊ ရင်းနှီးကျွမ်းဝင်မှုဆိုင်ရာခရီးစဉ် (FAM Trip) များ ခေါ်ယူခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုခရီးစဉ် ဖြစ်မြောက်အောင် စီစဉ်ဆောင်ရွက်ပေးသူများနှင့် ခရီးစဉ်တွင် လိုက်ပါလာကြသည့် ဧည့်သည်တော်များအားလုံးကို ကျေးဇူးတင်ရှိပါကြောင်းနှင့် ထိုင်းနိုင်ငံသို့ ပြန်လည်ရောက်ရှိသည့်အခါ မြန်မာနိုင်ငံကို လာရောက်လည်ပတ်ရာတွင် ကြုံတွေ့ရသည့် အတွေ့အကြုံကောင်းများကို မျှဝေပေးကြစေလိုပါကြောင်း ပြောကြားသည်။



ယင်းနောက် မြန်မာနိုင်ငံ၏ ခရီးစဉ်ဒေသများ ခရီးသွားဆွဲဆောင်ရာနေရာများကို ရိုက်ကူးထားသည့် မြန်မာနိုင်ငံခရီးသွားမြှင့်တင်ရေး ဗီဒီယိုကို ပြသပြီး ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က ထိုင်းခရီးသွားကုမ္ပဏီများ၊ ရုပ်သံလိုင်းမှ တာဝန်ရှိသူများနှင့် ထိုင်းနိုင်ငံသားခရီးသည်များအနက် ကံထူးရှင်အဖြစ် မဲပေါက်သူများကို အမှတ်တရလက်ဆောင်အဖြစ် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ပုံတူဆင်းတုတော်များကိုပေးအပ်ပြီး ထိုင်းခရီးသွားဧည့်သည်များ ကိုယ်စားကိုယ်စားလှယ်တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင်ဝင်ရောက်ယှဉ်ပြိုင်မည့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန အားကစားအသင်းအောင်နိုင်ရေးအလံပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားပြီး ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများက ဝန်ကြီးဌာန အားကစားအသင်းကို ထောက်ပံ့ငွေများ၊ အားဖြည့်အချိုရည်များ၊ ကျန်းမာရေး အထောက်အကူပြုဆေးဝါးများနှင့် အားကစားယှဉ်ပြိုင်မှု အထောက်အပံ့ပစ္စည်းများကို ပေးအပ်ကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက အောင်နိုင်ရေးအလံအား ဒုတိယအမြဲတမ်းအတွင်းဝန်ကို ပေးအပ်ပြီး ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က အားကစားယှဉ်ပြိုင်မှု အထောက်အပံ့ပစ္စည်းများကို လှည့်လည်ကြည့်ရှုခဲ့ပါသည်။

## ဟိုတယ်နှင့်ခရီးသွားကဏ္ဍတွင် အသက်မွေးဝမ်းကျောင်း ပညာရပ်ကို စနစ်တကျမြှင့်တင်ခြင်းအားဖြင့် အလုပ်အကိုင် အခွင့်အလမ်းများ တိုးပွားလာနိုင်



ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဆိုင်ရာ သက်မွေးပညာရပ်များ ဖွံ့ဖြိုးတိုးတက်ရေးအလုပ်ရုံဆွေးနွေးပွဲကို ဒီဇင်ဘာလ ၅ ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ Max Hotel ၌ ကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ၊ မုံရွာစီးပွားရေးတက္ကသိုလ်ပါမောက္ခချုပ်၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဥပဒေရေးရာဝန်ကြီးဌာန၊ အလုပ်သမားဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတို့မှ အရာရှိကြီးများ၊ Nay Pyi Taw State Academy (NSA)၊ မန္တလာတက္ကသိုလ်၊ အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ်နှင့် ပုဂ္ဂလိကခရီးသွားလုပ်ငန်းသင်တန်းကျောင်းများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် ညီနောင်အသင်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက ခရီးသွားလုပ်ငန်းဆိုင်ရာ သက်မွေးပညာရပ်ကို ဒီပလိုမာအဆင့်၊ ဘွဲ့ဒီဂရီအဆင့်ထိ ပေးအပ်နိုင်ရန် ရည်ရွယ်ထားရှိပါကြောင်း၊ လက်တွေ့လုပ်ငန်းခွင်များတွင် ဝင်ရောက်လုပ်ကိုင်နေသူများနှင့် တက္ကသိုလ်အဆင့်ဘွဲ့ဒီဂရီကို ရယူလိုသူများအား သက်မွေးပညာကဏ္ဍမှ ပေါင်းကူးဆက်သွယ်ပေးနိုင်ရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ ဟိုတယ်နှင့်ခရီးသွားကဏ္ဍတွင် အသက်မွေးဝမ်းကျောင်းပညာရပ်ကို စနစ်တကျမြှင့်တင်ခြင်းအားဖြင့် ခရီးသွားလုပ်ငန်းနယ်ပယ်အတွင်း၌ ကျွမ်းကျင်လုပ်သားများကို မွေးထုတ်ပေးနိုင်ခြင်း၊ ဝင်ငွေနှင့် အလုပ်အကိုင်အခွင့်အလမ်းများကို တိုးပွားလာနိုင်ခြင်းနှင့် အလုပ်လက်မဲ့ဖြစ်မှုကို လျှော့ချနိုင်ကာ တိုင်းပြည်၏ ကုန်ထုတ်စွမ်းအား၊ စီးပွားရေးနှင့် နိုင်ငံ့ဝင်ငွေ မြှင့်တင်ခြင်းတို့ကို အထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း၊ ဧည့်ဝန်ဆောင်မှုနှင့် ခရီးသွားပညာကဲ့သို့ သက်မွေးပညာကျောင်းတစ်ခုကို တည်ထောင်ဖွင့်လှစ်ခြင်းအားဖြင့် ဝန်ကြီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အသိအမှတ်ပြုမှုအစီအစဉ် (Accreditation Program) ကို အထောက်အပံ့ဖြစ်စေပြီး ဝန်ကြီးဌာန၏ အသိအမှတ်ပြုဒီပလိုမာ၊ ဘွဲ့ဒီဂရီများကို ရယူနိုင်မည်ဖြစ်ကာ အာဆီယံ ခရီးသွားလုပ်ငန်းကျွမ်းကျင်ပညာရှင်များ အပြန်အလှန်အသိအမှတ်ပြုရေးအစီအစဉ်(MRA-TP)အတွက် အဆင်သင့်ဖြစ်နေမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် မုံရွာစီးပွားရေးတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာနီလာမြင့်ထူးက မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းအခြေအနေ၊ ခရီးသွားလုပ်ငန်း၏ အရေးပါမှုနှင့် အခွင့်အလမ်း၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဆိုင်ရာ သက်မွေးပညာရပ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သင်တန်းကျောင်းတည်ထောင်ရေးနှင့်စပ်လျဉ်းသော လိုအပ်ချက်များ၊ အဖွဲ့အလိုက်ဆွေးနွေးမည့် ခေါင်းစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ဆွေးနွေးပွဲအစီအစဉ်များအရ အဖွဲ့(၅)ဖွဲ့ခွဲ၍ သက်ဆိုင်ရာခေါင်းစဉ်များဖြင့် အဖွဲ့လိုက်ဆွေးနွေးခြင်း၊ စကားဝိုင်းဆွေးနွေးခြင်းနှင့်မေးခွန်းများ မေးမြန်းဆွေးနွေးခြင်းများကို ဆောင်ရွက်ခဲ့ကြပြီး ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်က အလုပ်ရုံဆွေးနွေးပွဲရလဒ်များကို ဆွေးနွေးတင်ပြရာ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးက အလုပ်ရုံဆွေးနွေးပွဲရလဒ်များနှင့်စပ်လျဉ်း၍ သုံးသပ်ဆွေးနွေးတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးကာ နိဂုံးချုပ်အမှာစကားပြောကြားခဲ့ပါသည်။

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် ပြည်ထောင်စုနယ်မြေ မကျည်းပင်ကျေးရွာအုပ်စု၊ ညောင်ပင်သာကျေးရွာ ပြန်လည်ထူထောင်ရေးစီမံကိန်း ဖော်ဆောင်နေမှု သွားရောက်ကြည့်ရှု



ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်သည် ဒီဇင်ဘာလ ၄ ရက်နေ့ မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်း၊ အမြဲတမ်းအတွင်းဝန်၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့်အတူ နေပြည်တော်ပြည်ထောင်စုနယ်မြေ မကျည်းပင်ကျေးရွာအုပ်စု၊ ညောင်ပင်သာကျေးရွာသို့ သွားရောက်၍ ပြန်လည်ထူထောင်ရေးစီမံကိန်းဖော်ဆောင်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုသည်။

ဦးစွာပြည်ထောင်စုဝန်ကြီးသည် ညောင်ပင်သာကျေးရွာမှ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများ၊ ဒေသခံများနှင့်တွေ့ဆုံ၍ ကျေးရွာအားဝန်ကြီးဌာနမှ ဖော်ဆောင်လျက်ရှိသည့် ခရီးသွားစံပြကျေးရွာများအနက် တစ်ရွာအဖြစ် ပါဝင်လာနိုင်ရန် ဟိုတယ်နှင့်ခရီးသွားအသင်းအဖွဲ့များ၊ ကျေးရွာသူကျေးရွာသားများ ဝိုင်းဝန်းပူးပေါင်းကြိုးစားဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ကျေးရွာ၌ လူထုအခြေပြုသဘာဝအခြေခံခရီးသွားလုပ်ငန်း ဖော်ဆောင်နိုင်ပါ က ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည်များကို ဆွဲဆောင်ဖိတ်ခေါ်နိုင်ပြီး ဒေသခံများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည်ဖြစ်ပါကြောင်း၊ ကျေးရွာရှိဒေသခံများအနေဖြင့် မိမိတို့၏ ရပ်ရွာအေးချမ်းသာယာဖွံ့ဖြိုးတိုးတက်ရေးအတွက် အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်းက ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုအခြေအနေများ၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ညောင်ပင် သာကျေးရွာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် ကိစ္စရပ်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် နေပြည်တော်ကောင်စီဝင်တို့ကဒေသခံများထံသို့ စားသောက်ဖွယ်ရာများကို ထောက်ပံ့ပေးအပ်ပြီး၊ ကျေးရွာအတွင်း Community Center တည်ဆောက်မှုအခြေအနေနှင့် လူထုအခြေပြု သဘာဝအခြေခံခရီးသွားလုပ်ငန်း ဖော်ဆောင်နိုင်မှုအခြေအနေများကို လှည့်လည်ကြည့်ရှုခဲ့ပါသည်။

## (၆)ကြိမ်မြောက် အက်ခ်မက်ခရီးသွားလုပ်ငန်း ဝန်ကြီးများ အစည်းအဝေး ရန်ကုန်မြို့၌ ကျင်းပ




ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ ခရီးသွားလုပ်ငန်းဝန်ကြီးများ နှင့် အဆင့်မြင့်အရာရှိကြီးများပါဝင်သည့် စီအယ်လ်အမ်ဗွီ (CLMV) နှင့် အက်ခ်မက် (ACMECS) ခရီးသွားလုပ်ငန်းဝန်ကြီးများ အစည်းအဝေးနှင့် အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးများကို နိုဝင်ဘာ ၂၇ ရက်မှ ၂၉ ရက်အထိ ရန်ကုန်မြို့၊ ဆီဒိုးနားဟိုတယ်၌ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပလျက်ရှိရာနိုဝင်ဘာ ၂၈ ရက်နေ့နံနက်ပိုင်းတွင် ကျင်းပသည့် (၆)ကြိမ်မြောက် အက်ခ်မက်ခရီးသွားလုပ်ငန်းဝန်ကြီးများအစည်းအဝေးသို့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာသက်သက်ခိုင် တက်ရောက်သည်။

အစည်းအဝေးတွင် လာအိုနိုင်ငံ သတင်းအချက်အလက်၊ ယဉ်ကျေးမှုနှင့်ခရီးသွားလုပ်ငန်းဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး Ms. Darany Phommavongsa က အလှည့်ကျဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး အဆိုပါအစည်းအဝေးသို့ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ ဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

အဆိုပါ အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက တရုတ်နိုင်ငံကူမင်းမြို့၌ ၂၀၂၄ ခုနှစ် နိုဝင်ဘာ၇ ရက်က ကျင်းပခဲ့သည့် အက်ခ်မက်ထိပ်သီးအစည်းအဝေးမှ အက်ခ်မက်ဒေသတွင်း ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ငါးနိုင်ငံခရီးစဉ်တစ်ခုအပါအဝင် ခရီးသွားလုပ်ငန်းအကောင်အထည်ဖော်ဆောင်ရေး၊ အက်ခ်မက်ခရီးသွားလုပ်ငန်း အမှတ်တံဆိပ်အား မြန်မာနိုင်ငံမှ အသုံးပြုမှုနှင့် အဖွဲ့ဝင်နိုင်ငံများအားလုံးကျယ်ကျယ်ပြန့်ပြန့် အသုံးပြုစေရေး၊ အက်ခ်မက်ခရီးသွားလုပ်ငန်းပူးပေါင်းဆောင်ရွက်ရေးအစီအစဉ် ၂၀၂၃-၂၀၂၅ အရ မြန်မာနိုင်ငံ ဆောင်ရွက်ထားရှိမှု၊ မြန်မာနိုင်ငံတွင် ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်ဝန်ဆောင်မှုလုပ်ငန်းများအတွက် SOP များ ရေးဆွဲဆောင်ရွက်မှု၊ ခရီးသွားဧည့်သည်များတွက် ဆိုက်ရောက်ဗီဇာခွင့်ပြုပေးမှု၊ အစည်းအဝေးမှ ထုတ်ပြန်သွားမည့် (၆)ကြိမ်မြောက် အက်ခ်မက်(ACMECS) ခရီးသွားလုပ်ငန်းဝန်ကြီးများ အစည်းအဝေးဥက္ကဋ္ဌ၏ သတင်းထုတ်ပြန်ချက်တွင် မြန်မာနိုင်ငံမှ ထည့်သွင်းဖော်ပြစေလိုသည့် ကိစ္စရပ်များ၊ မြန်မာနိုင်ငံအနေဖြင့် (၆) ကြိမ်မြောက်အက်ခ်မက်(ACMECS) ခရီးသွားလုပ်ငန်းဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ၏ အစည်းအဝေးဥက္ကဋ္ဌ တာဝန်ထမ်းဆောင်မည့်အပေါ် အတည်ပြုချက်များကိုဆွေးနွေးသည်။

ပြည်ထောင်စုဝန်ကြီးသည် (၆) ကြိမ်မြောက် အက်ခ်မက်ခရီးသွားလုပ်ငန်းဝန်ကြီးများအစည်းအဝေးသတင်းစာရှင်းလင်းပွဲသို့ ပါဝင်တက်ရောက်ခဲ့ပြီး အစည်းအဝေးတက်ရောက်ကြသည့် စီအယ်လ်အမ်ဗွီနှင့် အက်ခ်မက်အဖွဲ့ဝင်နိုင်ငံများမှ ခရီးသွားလုပ်ငန်းဝန်ကြီးများ၊ အရာရှိကြီးများနှင့် ကိုယ်စားလှယ်များနှင့်အတူ ယဉ်ကျေးမှုပြတိုက်၊ ဗိုလ်ချုပ်ဈေး၊ မဟာဗန္ဓုလပန်းခြံနှင့် ရွှေတိဂုံစေတီတော်မြတ်ကြီးတို့ကို လှည့်လည်ကြည့်ရှုကြသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် စီအယ်လ်အမ်ဗွီနှင့် အက်ခ်မက်အဖွဲ့ဝင်နိုင်ငံများမှ ခရီးသွားလုပ်ငန်းဝန်ကြီးများ၊ အရာရှိကြီးများ၊ ကိုယ်စားလှယ်များအား မြန်မာနိုင်ငံမှ တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်ခဲ့ပါသည်။

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် (၇)ကြိမ်မြောက် စီအယ်လ်အမ်ဗွီ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးနှင့် (၆)ကြိမ်မြောက် အက်ခ်မက်ခရီးသွားလုပ်ငန်း အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးများ၏ ဖွင့်ပွဲ အခမ်းအနားနှင့် ကြိုဆိုညစာစားပွဲ အခမ်းအနားများသို့ တက်ရောက်




ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ ခရီးသွားလုပ်ငန်းဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ ပါဝင်သည့် စီအယ်လ်အမ်ဗွီ (CLMV)နှင့် အက်ခ်မက်(ACMECS) ခရီးသွားလုပ်ငန်းဝန်ကြီးများ အစည်းအဝေးနှင့် အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးများကို နှစ်နှစ်လျှင်တစ်ကြိမ် အဖွဲ့ဝင်နိုင်ငံများက အလှည့်ကျအိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိရာ (၇)ကြိမ်မြောက် စီအယ်လ်အမ်ဗွီ(CLMV) ခရီးသွားလုပ်ငန်းဝန်ကြီးများအစည်းအဝေးနှင့် အဆင့်မြင့်အရာရှိကြီးများအစည်းအဝေး၊ (၆)ကြိမ်မြောက် အက်ခ်မက် (ACMECS) ခရီးသွားလုပ်ငန်းဝန်ကြီးများအစည်းအဝေးနှင့် အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးတို့ကို နိုဝင်ဘာလ ၂၇ ရက်မှ ၂၉ ရက်အထိ ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်တွင် In Person စနစ်ဖြင့် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာသက်သက်ခိုင်၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ကမ္ဘောဒီးယားနိုင်ငံ၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ ခရီးသွားလုပ်ငန်းအဆင့်မြင့် အရာရှိကြီးများနှင့် ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် ညီနောင်အသင်းများမှဥက္ကဋ္ဌများ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများပါဝင် တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ဒေသတွင်းခရီးသွားလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် အရှိန်အဟုန်မြှင့်တင်၍ အားလုံးပိုင်းဝန်းညှိနှိုင်းပူးပေါင်းဆောင်ရွက်သွားရန်လိုအပ်ပါကြောင်း၊ မိမိတို့အဖွဲ့ဝင်နိုင်ငံများရှိအစိုးရ၊ ပုဂ္ဂလိကကဏ္ဍများအကြား ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်နိုင်မှသာ စီအယ်လ်အမ်ဗွီ(CLMV)နှင့် အက်ခ်မက်(ACMECS) ဒေသတွင်းခရီးသွားလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်မည် ဖြစ်ပါကြောင်း၊ ခေတ်ကာလနှင့် လိုက်လျောညီထွေရှိသော နည်းပညာရပ်များကို အသုံးပြုပြီး ဒေသတွင်းခရီးသွားလုပ်ငန်းအဆင့်မှ ကမ္ဘာ့အဆင့်သို့ ရောက်အောင် ဆောင်ရွက်ရမည်ဖြစ်ပါသည်။

အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ကမ္ဘာ့ခရီးသွားလုပ်ငန်း၏ ဖြစ်ပေါ်ပြောင်းလဲလာမှုများနှင့် ဒေသတွင်းသို့ ခရီးသွားများ ပိုမိုလာရောက်စေရေးအတွက် ဗီဇာဖြေလျှော့မှုအစီအစဉ်များ၊ ချိတ်ဆက်သွားလာနိုင်ရေးအစီအစဉ်များ၊ ညီအစ်မမြို့တော်ကဲ့သို့ မိတ်ဖက်ဆောင်ရွက်မှုအစီအစဉ်နှင့် လေးနိုင်ငံခရီးစဉ်တစ်ခု၊ ငါးနိုင်ငံခရီးစဉ်ဒေသတစ်ခုစသည့် အစီအစဉ်များကို တိုးချဲ့ အကောင်အထည်ဖော်ခြင်းဖြင့် ဒေသတွင်းခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက်များစွာ အထောက်အကူပြုစေမည် ဖြစ်ပါကြောင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က အစည်းအဝေးသို့ တက်ရောက်လာသော အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များ၊ အဖွဲ့ဝင်များနှင့်အမှတ်တရမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ (၇)ကြိမ်မြောက် စီအယ်လ်အမ်ဗွီခရီးသွားလုပ်ငန်းအဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကို ကျင်းပရာ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ကျော်က အစည်းအဝေးဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပြီး စီအယ်လ်အမ်ဗွီဒေသတွင်း ခရီးသွားလုပ်ငန်းပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းအစီအစဉ် ၂၀၂၃-၂၀၂၅ အရ အဖွဲ့ဝင်နိုင်ငံအလိုက် ဒေသတွင်းခရီးသွားလုပ်ငန်းမြှင့်တင်ရေးဆောင်ရွက်ထားရှိမှု အခြေအနေများနှင့်ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့်ကိစ္စရပ်များကိုဆွေးနွေးညှိနှိုင်းသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် အင်းယားလိတ်ဟိုတယ်ဝန်းအတွင်းရှိ Yangon Convention Center ၌ ကျင်းပလျက်ရှိသော မြန်မာ-ဗီယက်နမ်ကုန်စည်ပြပွဲ ၂၀၂၄ သို့ သွားရောက်ကာ မြန်မာနိုင်ငံမှ ခင်းကျင်းပြသထားသော ပြခန်းများ၊ ဗီယက်နမ်နိုင်ငံမှ ခင်းကျင်းပြသထားသော ပြခန်းများ၊ MSME ပြခန်းများ၊ အဝတ်အထည်နှင့်အစားအစာပြခန်းများ၊ လျှပ်စစ်အိမ်သုံးပစ္စည်းပြခန်းများ၊ လေကြောင်းလိုင်းပြခန်းများ၊ ဟိုတယ်နှင့်ခရီးသွားအသင်းအဖွဲ့များမှ ခင်းကျင်းပြသထားသော ပြခန်းများကို လှည့်လည်ကြည့်ရှုသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် (၇)ကြိမ်မြောက် စီအယ်လ်အမ်ဗွီ ခရီးသွားလုပ်ငန်းဝန်ကြီးများအစည်းအဝေးနှင့် အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး၊ (၆)ကြိမ်မြောက် အက်ခ်မက်ခရီးသွားလုပ်ငန်းဝန်ကြီးများ အစည်းအဝေးနှင့် အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးများသို့ တက်ရောက်လာသည့် အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များကို မြန်မာနိုင်ငံမှ ကြိုဆိုဧည့်ခံသည့် ညစာစားပွဲအခမ်းအနားသို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။

## ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနတွင် နိုင်ငံအဆင့် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဆိုင်ရာ သက်မွေးသင်တန်းကျောင်းတည်ထောင်နိုင်ရေး အကြိုညှိနှိုင်းအစည်းအဝေး ကျင်းပ

ဟိုတယ်နှင့်ခရီးသွားကဏ္ဍအတွက် လိုအပ်သည့်လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်မွေးထုတ်နိုင်ရေးအတွက် နိုင်ငံအဆင့် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဆိုင်ရာ သက်မွေးသင်တန်းကျောင်း တည်ထောင်နိုင်ရေး အကြိုညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာ ၂၀ ရက်နေ့နံနက်ပိုင်းတွင် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန နီလာခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးနှင့် တာဝန်ရှိသူများ၊ ဥပဒေရေးရာဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာနအနေဖြင့် ခရီးသွားလုပ်ငန်း သက်မွေးပညာကဏ္ဍတွင် ဧည့်ဝန်ဆောင်မှုဘာသာရပ်နှင့် ခရီးသွားလုပ်ငန်း ဘာသာရပ်များကို သက်မွေးပညာရပ်တစ်ခုအဖြစ် ဒီပလိုမာအဆင့်၊ ဘွဲ့ဒီဂရီ အဆင့်အထိ ပေးအပ်နိုင်အောင် ရည်ရွယ်ပြီး နိုင်ငံအဆင့် ကျောင်းတစ်ခု ဖြစ်ပေါ်လာရေးအတွက် ပြင်ဆင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ သင်ကြားမည့် သင်ရိုးညွှန်းတမ်းများကို အာဆီယံအဆင့်စံနှုန်းများ၊ ပညာရေးဝန်ကြီးဌာန၏ National Qualification Framework တို့နှင့်အညီ ပေါင်းကူးသင်ကြားနိုင်ရေး စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အလုပ်ရုံဆွေးနွေးပွဲကို အစိုးရ၊ ပုဂ္ဂလိက ကိုယ်စားလှယ်များ၊ ကျွမ်းကျင်ပညာရှင်များအား ဖိတ်ကြားပြီး အုပ်စုငါးစုဖွဲ့ကာ ဆွေးနွေးရန် စီစဉ်ဆောင်ရွက်ထားရှိပါကြောင်း၊ အလုပ်ရုံဆွေးနွေးပွဲမှ ထွက်ပေါ်လာသည့် ရလဒ်များဖြင့် လုပ်ငန်းစီမံချက် ရေးဆွဲပြီး အထက်ဌာနများသို့ ဆက်လက်တင်ပြဆောင်ရွက်သွားမည်ဖြစ်ကြောင်း ယနေ့တက်ရောက်လာကြသူများအနေဖြင့် ဝိုင်းဝန်းဆွေးနွေးအကြံပြုပေးကြစေလိုပါကြောင်း ပြောကြားသည်။




ထို့နောက် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်အေးဟန်က နိုင်ငံအဆင့် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဆိုင်ရာ သက်မွေးသင်တန်းကျောင်း တည်ထောင်နိုင်ရေးအတွက် ဆောင်ရွက်သွားမည့် အစီအမံများ၊ အလုပ်ရုံဆွေးနွေးပွဲကျင်းပသွားမည့် အစီအစဉ်များ၊ သင်ရိုးညွှန်းတမ်းရေးဆွဲ ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဥပဒေရေးရာဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာ၏ ဝန်ကြီးဌာနတို့မှ တက်ရောက်လာကြသော အရာရှိကြီးများက သက်ဆိုင်ရာ ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးက နိုင်ငံအဆင့် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဆိုင်ရာ သက်မွေးသင်တန်းကျောင်း တည်ထောင်ရသည့် ရည်ရွယ်ချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်သွားမည့်ကိစ္စရပ်များကို ဖြည့်စွက်ဆွေးနွေးပြီး အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ပါသည်။

## တရုတ်ဘာသာစကားပြော HSK-II သင်တန်းဖွင့်

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန တရုတ်ဘာသာစကားပြော HSK-II သင်တန်းဖွင့်ပွဲကို နိုဝင်ဘာ ၁၉ ရက်နေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ကျောက်စိမ်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးနှင့် တာဝန်ရှိသူများ၊ ဖူးကျင့်နိုင်ငံတကာဘာသာစကားသင်တန်းကျောင်း တာဝန်ခံကျောင်းအုပ်ကြီးဦးစက်တီးနှင့် သင်တန်းနည်းပြ ဆရာဆရာမများ၊ သင်တန်းသားသင်တန်းသူများ တက်ရောက်ကြပြီး နယ်ရုံးခွဲများမှ တာဝန်ခံများနှင့် အရာထမ်းအမှုထမ်းများက Video Conferencing စနစ်ဖြင့် တက်ရောက်ကြသည်။



သင်တန်းဖွင့်ပွဲတွင် ပြည်ထောင်စုဝန်ကြီးက ခရီးသွားလုပ်ငန်းမှာဝန်ဆောင်မှုကိုအဓိကထားဆောင်ရွက်ရသည့်လုပ်ငန်းဖြစ်သဖြင့် လာရောက်လည်ပတ်ကြသည့် ခရီးသည်များကို ၎င်းတို့၏ ဘာသာစကားဖြင့် ဝန်ဆောင်မှုပေးနိုင်ရေးမှာအရေးကြီးကြောင်း၊ ဝန်ကြီးဌာနအစီအစဉ်ဖြင့် တရုတ်ဘာသာစကားပြောသင်တန်းများအပြင် အင်္ဂလိပ်၊ ရုရှား၊ ဂျပန်၊ ကိုရီးယားနှင့် ထိုင်း အစရှိသည့် ဘာသာစကားသင်တန်းများကိုလည်း တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဖွင့်လှစ်ပေးလျက်ရှိကြောင်း၊ ယခုဘာသာစကားသင်တန်းကို တက်ရောက်သင်ကြားကြမည့် သင်တန်းသား၊ သင်တန်းသူများအနေဖြင့် ကျွမ်းကျင်တတ်မြောက်အောင် သင်ယူကြပြီး ဝန်ကြီးဌာနမှ အားကိုးအားထားပြုရသော ဝန်ထမ်းကောင်းများဖြစ်အောင် ကြိုးပမ်းအားထုတ်ကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ဖူးကျင့်နိုင်ငံတကာ ဘာသာစကားသင်တန်းကျောင်း တာဝန်ခံကျောင်းအုပ်ကြီး ဦးစက်တီးက ဆက်လက်သင်ကြားပို့ချပေးမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က တရုတ်ဘာသာစကားပြော HSK-II သင်တန်း ဖွင့်လှစ်သင်ကြားနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များကို မှာကြားသည်။ အဆိုပါ တရုတ်ဘာသာစကားပြောသင်တန်း HSK-II ကို သင်တန်းကာလ (၂) လကြာ သင်ကြားပို့ချသွားမည်ဖြစ်ပြီး ဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများတက်ရောက်သွားမည်ဖြစ်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဂျပန်နိုင်ငံမှ မြန်မာနိုင်ငံတွင် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း၌ ရင်းနှီးမြှုပ်နှံဆောင်ရွက်နေသည့် Yangon International Hotel ၏ ဥက္ကဋ္ဌ Mr. KOKI ONODERA ကို ဝန်ကြီးရုံး၊ ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံပြီး မြန်မာနိုင်ငံ၏ ခရီးစဉ်ဒေသများကို ဂျပန်နိုင်ငံတွင် မြှင့်တင်ကြော်ငြာသွားမည့်ကိစ္စရပ်များ၊ ဂျပန်ခရီးသွားဧည့်သည်များ ပိုမိုဝင်ရောက်ရေးအတွက် ဖိတ်ခေါ်သွားမည့် အစီအစဉ်များနှင့် မြန်မာနိုင်ငံ၏ ပုံရိပ်ကောင်းများကို ဂျပန်လူမျိုးများသိရှိအောင် ဆောင်ရွက်သွားမည့်အစီအစဉ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ပါသည်။

## မုန့်ဖုတ်နည်းအခြေခံသင်တန်း အမှတ်စဉ်(၁၁)သင်တန်းတွင် နိုင်ငံတကာမုန့်ဖုတ်နည်းအမျိုးအစား ၄၈ မျိုးကို သင်ကြားပို့ချပေးသွားမည်

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအထူးရန်ပုံငွေ အထောက်အပံ့ဖြင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနက ဒုတိယမြောက် စီမံကိန်းအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် The Establishment of Bakery & Pastry Training စီမံကိန်း၏ မုန့်ဖုတ်နည်းဆရာဖြစ်သင်တန်း အမှတ်စဉ် (၅) သင်တန်းဆင်းပွဲနှင့် မုန့်ဖုတ်နည်းအခြေခံသင်တန်းအမှတ်စဉ် (၁၁) သင်တန်းဖွင့်ပွဲခမ်းအနားကို နိုဝင်ဘာ၅ ရက်နေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာန(CTD)၌ ကျင်းပသည်။




အခမ်းအနားတွင် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က ယခုသင်တန်းများကို အာဆီယံစံနှုန်းများနှင့်အညီ ဖွင့်လှစ်ပို့ချပေးခြင်းဖြစ်ပြီး နိုင်ငံတကာမုန့်ဖုတ်နည်း အမျိုးအစား ၄၈ မျိုးကို သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ ဖွင့်လှစ်ပို့ချပေးခြင်းဖြင့် ခရီးသွားလုပ်ငန်းနှင့် ဧည့်ဝန်ဆောင်မှုကဏ္ဍအတွင်းရှိ လုပ်သားထု၏ လုပ်ငန်းစွမ်းဆောင်ရည်များ တိုးတက်မြင့်မားလာမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်သော ခရီးသွားဧည့်သည်များအား ကောင်းမွန်သော ဝန်ဆောင်မှုများပေးနိုင်ရန်အတွက် ကျွမ်းကျင်အဆင့်ဝန်ထမ်းများဖြစ်အောင် ကြိုးစားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက မုန့်ဖုတ်နည်းဆရာဖြစ်သင်တန်း အမှတ်စဉ် (၅) သင်တန်းသားများကို သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်ချီးမြှင့်ပြီး သင်တန်းပို့ချနေမှုများနှင့် လက်တွေ့မုန့်ဖုတ်နေမှုများကို လှည့်လည်ကြည့်ရှုခဲ့ပါသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးမျိုးမြင့်အောင် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့မှ တာဝန်ရှိသူများတက်ရောက်ကြသည်။

## ဟိုတယ်နှင့် ဧည့်ဝန်ဆောင်မှု နယ်ပယ်ဝန်ဆောင်မှု အရည်အသွေး မြှင့်တင်ရေးသင်တန်းများဖွင့်ပွဲ ကျင်းပ

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဖောင်ဒေးရှင်း၏ အထောက်အပံ့ဖြင့် ဝန်ဆောင်မှုအရည်အသွေးမြှင့်တင်ရေးသင်တန်းများ ဖွင့်ပွဲအခမ်းအနားနှင့် တရုတ်ခရီးသွားဈေးကွက်မြှင့်တင်ရေးဆိုင်ရာဆွေးနွေးပွဲကို နိုဝင်ဘာ ၄ ရက်နေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ UMFCCI မင်္ဂလာခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ရန်ကုန်တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် အဆင့်မြင့်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံး၊ ယဉ်ကျေးမှုနှင့် ခရီးသွားလာရေးဌာနမှ သံမှူးနှင့် တာဝန်ရှိသူများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဖောင်ဒေးရှင်း (China Foundation for Rural Development – CFRD) မှ တာဝန်ရှိသူများ၊ ရန်ကုန်တိုင်းဒေသကြီး ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ်မှ ပါမောက္ခဌာနမှူးများ၊ ဆရာ/ဆရာမများနှင့် ကျောင်းသား/ ကျောင်းသူများ၊ ခရိုင်အဆင့် ခရီးစဉ်ဒေသ စီမံခန့်ခွဲရေးအဖွဲ့ (DMO) များမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်းများမှ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ အထွေထွေအတွင်းရေးမှူးများ၊ သင်တန်းနည်းပြများ၊ သင်တန်းသား/ သင်တန်းသူများ တက်ရောက်ကြသည်။




ဦးစွာ ပြည်ထောင်စုဝန်ကြီးက ယခုသင်တန်းများတက်ရောက်ခြင်းဖြင့် ဝန်ကြီးဌာနမှ အသိအမှတ်ပြုလက်မှတ်များနှင့် မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု "စံ" သတ်မှတ်ပြဌာန်းရေးအဖွဲ့ (NSSA) က ထုတ်ပေးသော ကျွမ်းကျင်မှုဆိုင်ရာ အသိအမှတ်ပြုလက်မှတ်များကို လျှောက်ထားရယူနိုင်ရန် အခွင့်အလမ်းများ ရရှိနိုင်မည်ဖြစ်ပါကြောင်း၊ ခရီးသွားလုပ်ငန်းနယ်ပယ်တွင် လုပ်ကိုင်ဆောင်ရွက်နေကြသူများ ပါဝင်တက်ရောက်နိုင်ရန် သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီသူများကို စိစစ်ရွေးချယ်၍တက်ရောက်စေမည်ဖြစ်ပါကြောင်း၊ မြန်မာ-တရုတ်ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အတူတကွပိုင်းဝန်း ပူးပေါင်းဆောင်ရွက်ပေးကြ စေလိုပါကြောင်း တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌက မိတ်ဆက်စကားပြောကြားပြီး မြန်မာနိုင်ငံသို့ တရုတ်နိုင်ငံသား ခရီးသွားပိုမိုလာရောက်စေရေး ဈေးကွက်မြှင့်တင်ရေးဆိုင်ရာဆွေးနွေးပွဲကို ဆက်လက်ကျင်းပသည်။

ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာသင်တန်း(၄)မျိုးကို ဖွင့်လှစ်ပို့ချပေးလျက်ရှိပြီး ဒီဂျစ်တယ်နည်းပညာစွမ်းရည်မြှင့်တင်ရေးသင်တန်း၊ ဧည့်လမ်းညွှန်များအတွက် စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းနှင့် ခရီးသွားဝန်ဆောင်မှုနှင့် ခရီးစဉ်စီစဉ်ရောင်းချခြင်းဆိုင်ရာ သင်တန်းများကို နိုဝင်ဘာလ ၇ ရက်မှ စတင်ဖွင့်လှစ်သွားမည်ဖြစ်ပါသည်။

## ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး ရှမ်းပြည်နယ် (တောင်ပိုင်းနှင့်အရှေ့ပိုင်း) ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက်



ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးသည် ဒီဇင်ဘာ ၃၀ ရက် မွန်းလွဲပိုင်းက ညောင်ရွှေမြို့သို့ရောက်ရှိပြီး ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ ဖွင့်လှစ်ဆောင်ရွက်ထားသည့် သတင်းနှင့်ပြန်ကြားရေးကောင်တာတွင် ပြည်တွင်း၊ ပြည်ပခရီးသွားများအတွက် ခရီးစဉ်ဒေသဆိုင်ရာသတင်းအချက်အလက်များ ဖြန့်ဝေပေးနိုင်ရန် ဆောင်ရွက်ထားရှိမှု အခြေ

အနေနှင့် ခရီးသွားဧည့်သည်များကို ဝန်ဆောင်မှုကောင်းများပေးစွမ်းနိုင်ရန် ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များမှာကြားသည်။

ထို့နောက် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ယဉ်ကျေးမှုပြတိုက် (ညောင်ရွှေ) သို့ သွားရောက်ကာ ရှမ်းစော်ဘွားများ၏ အသုံးအဆောင်များ၊ အဝတ်အထည်များနှင့် မှတ်တမ်းဓာတ်ပုံများပြသထားမှု၊ ခရီးသွားဧည့်သည်များ လာရောက်လည်ပတ်ရာတွင် အဆင်ချောမွေ့စွာလှည့်လည်ကြည့်ရှုနိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုကာ ခရီးသွားဆွဲဆောင်မှုနေရာတစ်နေရာအဖြစ် ပိုမိုကျယ်ကျယ်ပြန့်ပြန့်ဖော်ထုတ်ဆောင်ရွက်နိုင်ရေးအတွက် အကြံပြုမှာကြားသည်။

ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁ ရက် မွန်းလွဲပိုင်းက မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ ၂၀၂၃ အထောက်အပံ့ဖြင့် တည်ဆောက်လျက်ရှိသည့် သင်တန်းကျောင်း(ကျိုင်းတုံ) သို့လည်းကောင်း၊ ညနေပိုင်းတွင် ကျိုင်းတုံမြို့အနီးပတ်ဝန်းကျင်၌ ခရီးသွားဆွဲဆောင်မှုများအဖြစ် ဖော်ထုတ်ဆောင်ရွက်နေသည့် လူထုအခြေပြုခရီးသွားလုပ်ငန်း(CBT) နှင့် အပန်းဖြေစခန်း အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း၊ ဗုဒ္ဓဥယျာဉ်တော်သို့လည်းကောင်း၊ ဘုရားဖူးခရီးစဉ်ဆောင်ရွက်နိုင်မည့်အခြေအနေနှင့် တိမ်ပင်လယ်ရှုခင်းကြည့်ခရီးစဉ်နေရာ ဖော်ဆောင်နိုင်ရေးအတွက်လည်းကောင်း လှည့်လည်ကြည့်ရှုခဲ့ပါသည်။

## အာဆီယံ-တရုတ်စင်တာ အတွင်းရေးမှူးချုပ် Mr.Shi Zhongjun ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး အလုပ်သဘောညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ



ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးသည် ဒီဇင်ဘာ ၁၀ ရက်နေ့ ညနေပိုင်းက ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၏ ဖိတ်ကြားချက်အရ ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်ဖွင့်ပွဲ အခမ်းအနားသို့တက်ရောက်ရန် ရောက်ရှိနေသော အာဆီယံ-တရုတ်စင်တာ (ASEAN China Centre-ACC) အတွင်းရေးမှူးချုပ် Mr. Shi Zhongjun ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို နေပြည်တော်မြို့ရှိ M Gallery Hotel ၌ အလုပ်သဘောညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ဦးစွာ ဒုတိယဝန်ကြီးက နှစ်နိုင်ငံခရီးသွားလုပ်ငန်းပူးပေါင်းဆောင်ရွက်မှု အားကောင်းလာစေရေးအတွက် ဝန်ကြီးဌာနနှင့် အာဆီယံ-တရုတ်စင်တာတို့ ပိုမိုနီးကပ်စွာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အာဆီယံ-တရုတ်စင်တာ အနေဖြင့် မြန်မာနိုင်ငံရှိ ခရီးစဉ်ဒေသများ၏ အခြေအနေများကို ဝက်ဘ်ဆိုက်၊ ဆိုရှယ်မီဒီယာအပါအဝင် နည်းလမ်းပေါင်းစုံဖြင့် တရုတ်နိုင်ငံသားများထံ ဖြန့်ဖြူးပေးစေလိုကြောင်း ပြောကြားပြီး အာဆီယံ-တရုတ်စင်တာ (ASEAN China Centre-ACC) အတွင်းရေးမှူးချုပ် Mr. Shi Zhongjun က မြန်မာနိုင်ငံအနေဖြင့် လက်ရှိဖြစ်ပေါ်လျက်ရှိသည့် သတင်းတုသတင်းအမှားများကြောင့် ပြည်ပခရီးသွားဧည့်သည်များ ဝင်ရောက်မှုကို အဟန့်အတားဖြစ်စေပြီး နိုင်ငံ၏ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုအပေါ် သက်ရောက်လျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အာဆီယံ-တရုတ်စင်တာအနေဖြင့် လိုအပ်သည်များကို ကူညီပံ့ပိုးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းပြောကြားပြီး ညစာကို အတူတကွသုံးဆောင်ခဲ့ပါသည်။

## တောင်ကြီးမြို့၌ ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ ရုရှားဘာသာစကားသင်တန်းဖွင့်ပွဲကျင်းပ




ဟိုတယ်နှင့်ခရီးသွားကဏ္ဍလူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရန်နှင့် မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်မည့် ရုရှားနိုင်ငံသားခရီးသွားဧည့်သည်များကို ကောင်းမွန်စွာ ပြောဆိုဆက်ဆံနိုင်ရန်ရည်ရွယ်၍ ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ ရုရှားဘာသာစကားသင်တန်းဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂၇ ရက်နေ့ နံနက်ပိုင်းက Royal Taunggyi Hotel ၌ ကျင်းပသည်။

အခမ်းအနားသို့ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ ရှမ်းပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ်ဦးသန်းဦးလွင်နှင့် ပြည်နယ်ဝန်ကြီးများ၊ တပ်မတော်ကွန်ပျူတာနှင့် နည်းပညာသိပ္ပံ(ဟိုပုံး)မှ ကျောင်းအုပ်ကြီးနှင့် နည်းပြအရာရှိများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ဟိုတယ်လုပ်ငန်းရှင်များနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က ရုရှားနိုင်ငံသားများသည် မြန်မာနိုင်ငံသို့ အလည်အပတ်သဘော၊ အလုပ်သဘောခရီးစဉ်များ လာရောက်လျက်ရှိပြီး မြန်မာနိုင်ငံသို့ လာရောက်သော ရုရှားနိုင်ငံသားများကို ရှမ်းပြည်နယ်သို့ ပိုမိုတိုးတက်ဝင်ရောက်လာစေရန်အတွက် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ရုရှားနိုင်ငံသားဧည့်သည်များ လာရောက်သည့်အခါ ဝန်ဆောင်မှုပေးရာတွင်လည်းများစွာ အထောက်အကူဖြစ်စေသည့်အတွက် ယခုသင်တန်းကို တက်ရောက်ကြမည့် သင်တန်းသားများအနေဖြင့် သင်တန်းမှ သင်ကြားပေးလိုက်သည့် သင်ခန်းစာများကို ကြိုးစားလေ့လာသင်ယူကြရန်၊ ဘာသာစကားကို ကျွမ်းကျင်စွာတတ်မြောက်သည်အထိ ဆက်လက်လေ့လာဆည်းပူးကြရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက ယနေ့ဖွင့်လှစ်သည့် ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ ရုရှားဘာသာစကားသင်တန်းကို တက်ရောက်ကြသည့် သင်တန်းသား သင်တန်းသူများအနေဖြင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် တပ်မတော်ကွန်ပျူတာနှင့် နည်းပညာသိပ္ပံ(ဟိုပုံး) ကျောင်းအုပ်ကြီးက သင်တန်းတွင် သင်ကြားပို့ချသည့် ရုရှားဘာသာစကားသင်ခန်းစာများနှင့် သင်ကြားပို့ချမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါ ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ ရှုရှားဘာသာစကားသင်တန်းကို နိုဝင်ဘာ ၂၆ ရက်မှ ဒီဇင်ဘာ ၂၀ ရက်အထိ ဖွင့်လှစ်သင်ကြားမည်ဖြစ်ပါသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန တောင်ကြီးရုံးခွဲသို့သွားရောက်၍ ရုံးခွဲတွင် တာဝန်ထမ်းဆောင်နေကြသည့် အရာထမ်း၊ အမှုထမ်းများကိုတွေ့ဆုံပြီး လုပ်ငန်းလိုအပ်ချက်များကိုမှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ဗိုးရှင်းဟိုတယ်သို့ သွားရောက်ကာ ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ ရုရှားဘာသာစကားသင်တန်း ဖွင့်လှစ်သင်ကြားနေမှုအခြေအနေကို သွားရောက်ကြည့်ရှုအားပေးခဲ့ပြီး လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ပါသည်။

## တောင်ကြီးနှင့် အင်းလေးဒေသခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက်



ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးဖြိုးဇော်စိုးသည် ရှမ်းပြည်နယ် စီးပွားရေးရာဝန်ကြီးဦးခွန်သိမ်းမောင်နှင့်အတူ နိုဝင်ဘာ ၂၅ ရက်နေ့ နံနက်ပိုင်းက တောင်ကြီးမြို့၏ အထင်ကရခရီးသွားဆွဲဆောင်ရာနေရာဖြစ်သည့် ရွှေဘုန်းပွင့်ဘုရားနှင့် မွေတော်ကတ္တူဘုရားသို့ သွားရောက်ဖူးမြော်၍ ဘုရားဖူးခရီးသွားလုပ်ငန်းဆောင်ရွက်နိုင်မှုကို ကြည့်ရှုပြီး အလှူငွေများပေးအပ်ခဲ့ပါသည်။

မွန်းလွဲပိုင်းတွင် Villa Inle Boutique Resort သို့ သွားရောက်၍ ခရီးသွားဧည့်သည်များအား ဝန်ဆောင်မှုကောင်းများပေးနိုင်ရေး ကြည့်ရှုစစ်ဆေးပြီး ညနေပိုင်းတွင် ဒုတိယဝန်ကြီးနှင့် စီးပွားရေးရာဝန်ကြီးတို့သည် ညောင်ရွှေ ခရီးစဉ်ဒေသ စီမံခန့်ခွဲရေးအဖွဲ့ဝင်များအား ညောင်ရွှေမြို့ရှိ Aureum Palace Hotel ၌ တွေ့ဆုံ၍ ညောင်ရွှေဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲရေးဆောင်ရွက်ရာတွင် လုပ်ငန်းများအဆင်ပြေစေရေးနှင့် လိုအပ်ချက်များကို အချိန်နှင့်တစ်ပြေးညီပေါင်းစပ်ဆောင်ရွက်ရေး၊ ဒေသထွက်အစားအစာနှင့် ရိုးရာလက်မှုပစ္စည်းများ၊ အမှတ်တရလက်ဆောင်များ ထုတ်လုပ်ရောင်းချခြင်းဖြင့် အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် လူမှုစီးပွားဘဝများဖွံ့ဖြိုး တိုးတက်လာစေရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားခဲ့ပါသည်။

ထို့နောက် စီးပွားရေးရာဝန်ကြီးက ညောင်ရွှေနှင့်အင်းလေးဒေသ ဟိုတယ်နှင့်ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ လျှပ်စစ်မီးရရှိရေးနှင့်အစိုးရ၊ ပုဂ္ဂလိကနှင့်ဒေသခံများ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများကို အကြံပြုဆွေးနွေးပြီး တက်ရောက်လာသည့် ခရီးစဉ်ဒေသစီမံခန့်ခွဲရေး အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် ဟိုတယ်လုပ်ငန်းရှင်များက လုပ်ငန်းဆောင်ရွက်နေမှုများနှင့် တွေ့ကြုံရသည့် အခက်အခဲများကို ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြရာ ဒုတိယဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့ပါသည်။

## ဒုတိယဝန်ကြီးဦးဖြိုးဇော်စိုး ကလောနှင့်ပင်းတယဒေသတို့၌ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက်

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးဖြိုးဇော်စိုးသည် နိုဝင်ဘာ ၂၄ ရက်နေ့ နံနက်ပိုင်းတွင် ကလောမြို့ရှိ Mya Yar Pin ဟိုတယ်၌ ခရိုင်အဆင့်၊ မြို့နယ်အဆင့် ခရီးစဉ်ဒေသစီမံခန့်ခွဲရေးအဖွဲ့ (Destination Management Organization- DMO) များနှင့်တွေ့ဆုံသည်။



တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက ယခုခရီးသွားရာသီတွင် ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်များ ပိုမိုလာရောက်နိုင်ရေးပြင်ဆင်ရမည့်ကိစ္စရပ်များကို ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားကြရန် တိုက်တွန်းလိုပါကြောင်း၊ ကလောဒေသကို ခရီးသွားမြို့တော်ဖြစ်ပေါ်လာစေရန်ရည်ရွယ်၍ ကလောမြို့ ခရီးသွားလုပ်ငန်း ပင်မစီမံကိန်း (၂၀၂၂-၂၀၂၅)ကို မဟာဗျူဟာ(၅)ချက်ဖြင့် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်ချက်နှင့်အညီ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်အကောင်အထည်ဖော်မှုများဖြင့် ရေးဆွဲအကောင်အထည်ဖော်လျက်ရှိရာ စီမံကိန်းအကောင်အထည်ဖော်မှုကို အထောက်အကူပြုရန် ကလောမြို့ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဖိုရမ်ကို ကျင်းပခဲ့ပါကြောင်း၊ ခရီးစဉ်ဒေသစီမံခန့်ခွဲမှုအဖွဲ့ (DMO) များမှ ကိုယ်စားလှယ်များနှင့် ဒေသခံပြည်သူများအနေဖြင့် ဖိုရမ်ဆွေးနွေးမှုရလဒ်များကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန်နှင့် မိမိတို့၏ တာဝန်ကျရာအခန်းကဏ္ဍမှ တက်တက်ကြွကြွပါဝင်ဆောင်ရွက်သွားကြရန်တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ ခရီးစဉ်ဒေသစီမံခန့်ခွဲရေးအဖွဲ့ (DMO) များမှ တာဝန်ရှိသူများနှင့် တက်ရောက်လာကြသူများက ကလောဒေသရှိ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေမှုအခြေအနေများကို သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြရာ ဒုတိယဝန်ကြီးက ဖြည့်စွက်ဆွေးနွေးပေါင်းစပ်ဆောင်ရွက်ပေးခဲ့ပါသည်။

ထို့နောက် နန်းသဲကျေးရွာရှိ Adventure Tourism Site တစ်ခုဖြစ်သည့် Kalawe Glamping & Eco-Activities သို့ သွားရောက်ကာ ခရီးသွားဧည့်သည်များအတွက် ဘေးအန္တရာယ်ကင်းရှင်းစွာ စွန့်စားခရီးသွားလုပ်ငန်းအကောင်အထည်ဖော်ထားရှိမှုနှင့် အပန်းဖြေခရီးသွားလုပ်ငန်းဖော်ဆောင်ထားရှိမှု၊ နိုင်ငံပိုင် ဟိုတယ်များဖြစ်သည့် ကလောမြို့ရှိ Kalaw Heritage Hotel နှင့် ပင်းတယမြို့ရှိ PINDAYA Hotelတို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ပါသည်။

ညနေပိုင်းတွင် ဒုတိယဝန်ကြီးသည် ပင်းတယမြို့ရှိ ရွှေဥမင်ဘုရားသို့ သွားရောက် ဖူးမြော်ကြည်ညို၍ ဘုရားဥမင်အတွင်း လာရောက်ဖူးမြော်ကြမည့် ဘုရားဖူးဧည့်သည်များ အဆင်ပြေစွာ ဖူးမြော်သွားလာနိုင်ရန် ပြင်ဆင်ဆောင်ရွက်ထားမှုအခြေအနေများကို လှည့်လည်ကြည့်ရှုပြီး ဘုရားဝေယျာဝစ္စ အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ပါသည်။

## ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး ပဉ္စမအကြိမ်အမျိုးသားအားကစားပွဲတော်တွင် တိုင်းဒေသကြီး/ပြည်နယ် ကိုယ်စားပြုဝင်ရောက်ယှဉ်ပြိုင်မည့် ပြိုင်ပွဲဝင်အားကစားသမားများ ရောက်ရှိတည်းခိုနေထိုင်မှုနှင့် ပြင်ဆင်ထားရှိမှုအခြေအနေ သွားရောက်ကြည့်ရှုစစ်ဆေး

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေး၊ တည်းခိုနေထိုင်ရေးနှင့်ဧည့်ခံကျွေးမွေးရေးဆပ်ကော်မတီဥက္ကဋ္ဌ

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးသည် နိုဝင်ဘာ ၂၂ ရက်နေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိတည်းခိုရေးစခန်း၌ အမျိုးသားအားကစားပွဲတော်တွင် ပြိုင်ပွဲဝင်ရန် ရောက်ရှိလာကြသည့် ရခိုင်ပြည်နယ်ကိုယ်စားပြု အားကစားသမားများ၊ အုပ်ချုပ်သူများနှင့် နည်းပြများကို နွေးထွေးစွာကြိုဆိုနှုတ်ဆက်ခဲ့ပါသည်။



ယင်းနောက် ရခိုင်ပြည်နယ်ကိုယ်စားပြုအားကစားသမားများ၊ အုပ်ချုပ်ရေးအဖွဲ့များနှင့် အားကစားနည်းပြများ တည်းခိုနေထိုင်ရန်နေရာချထားမှုနှင့် အသုံးအဆောင်ပစ္စည်းများထုတ်ပေးနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီးလိုအပ်သည်များမှာကြားခဲ့ပါသည်။

ထို့နောက် ပြိုင်ပွဲဝင်အားကစားသမားများ၊ အုပ်ချုပ်ရေးအဖွဲ့များနှင့် နည်းပြများ တည်းခိုနေထိုင်မည့် အဆောင်များနှင့် အိပ်ခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ အားကစားသမားများကို ကျန်းမာရေးနှင့်ညီညွတ်မှုရှိအောင် တည်းခိုနေထိုင်နိုင်ရေးအထူးဂရုပြုဆောင်ရွက်ရန်၊ သောက်သုံးရေနှင့်လျှပ်စစ်မီးပြတ်တောက်မှုမရှိအောင် စနစ်တကျကြပ်မတ်ဆောင်ရွက်ရန်၊ အိပ်ဆောင်များပတ်ဝန်းကျင်တွင် ပိုင်ရှင်မဲ့ခွေးများကြောင့် တည်းခိုနေထိုင်သူများ အန္တရာယ်မဖြစ်စေရန် ထိန်းသိမ်းဆောင်ရွက်ကြရန်မှာကြားခဲ့ပါသည်။

ဆက်လက်၍ စားရိပ်သာများနှင့် ချက်ပြုတ်ဆောင်များကို ကြည့်ရှုစစ်ဆေးပြီး စားရိပ်သာများကို သန့်ရှင်းသပ်ရပ်ပြီး ကျန်းမာရေးနှင့်ညီညွတ်စေရန် ခင်းကျင်းဆောင်ရွက်ရန်၊ ဧည့်ခံကျွေးမွေးရာတွင် အစားအစာများကို သန့်ရှင်းလတ်ဆတ်မှုရှိစေရန်နှင့် ဘေးကင်းစေရန်အတွက် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ သတ်မှတ်ချက်များနှင့်အညီ ပြင်ဆင်ချက်ပြုတ်ရန်၊ ချက်ပြုတ်ရေးအဖွဲ့များကို သန့်ရှင်းသပ်ရပ်စွာ ဝတ်စားဆင်ယင်၍ တစ်ကိုယ်ရေသန့်ရှင်းမှုရှိရေး ကြပ်မတ်ဆောင်ရွက်ရန် မှာကြားခဲ့ပါသည်။

ထို့နောက် တည်းခိုရေးစခန်းအတွင်း ဆေးကုသမှုခံယူနိုင်ရန် ဖွင့်လှစ်ထားသည့် ဆေးခန်းများ၊ ဆပ်ကော်မတီရုံးခန်းနေရာများနှင့် စားသောက်ဆိုင်ခန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးကာ စားသောက်ဆိုင်များတွင် သန့်ရှင်းလတ်ဆတ်သည့် အစားအစာများ၊ ကျန်းမာရေးနှင့် ညီညွတ်သည့် အစားအစာများကိုသာရောင်းချရန်၊ ဝမ်းပျက်ဝမ်းလျှောဖြစ်စေနိုင်သည့် အသုပ်များ၊ အမှည့်လွန်သည့် အသီးများ၊ ထုတ်လုပ်သည့်ရက်စွဲနှင့် သက်တမ်းမပါသည့် အစားအစာများကို ရောင်းချခြင်းမပြုစေရေး ကြပ်မတ်ဆောင်ရွက်ရန်၊ ပိုးမွှားများကင်းစင်စေရန် ပိုးသတ်ဆေးဖျန်းခြင်း၊ အမှိုက်များကို စနစ်တကျစွန့်ပစ်သိမ်းဆည်းခြင်းတို့ကို ကြပ်မတ်ဆောင်ရွက်ကြရန်မှာကြားခဲ့ပါသည်။

**ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲအခမ်းအနားတွင် ဖျော်ဖြေတင်ဆက်မည့် ကျောင်းသားကျောင်းသူများ တည်းခိုနေထိုင်မည့် အဆောင်များ ကြည့်ရှုစစ်ဆေး**

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေး၊ တည်းခိုနေထိုင်ရေးနှင့် ဧည့်ခံကျွေးမွေးရေးဆပ်ကော်မတီ ဥက္ကဋ္ဌ၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးသည် နိုဝင်ဘာ ၂၀ ရက်နေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ စစ်ကြောရေးနှင့် တည်းခိုရေး စခန်းသို့သွားရောက်ပြီး ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲအခမ်းအနားတွင် ဖျော်ဖြေတင်ဆက်ရန် ရောက်ရှိလာကြသည့် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေး တက္ကသိုလ် (စစ်ကိုင်း)နှင့် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (ရန်ကုန်၊ စစ်ကိုင်း) တို့မှ ကျောင်းသားကျောင်းသူများနှင့် အုပ်ချုပ်သူများကိုတွေ့ဆုံ၍ တည်းခိုနေထိုင်နိုင်ရန် နေရာချထားမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးကာ ပေါင်းစပ်ဆောင်ရွက်ပေးသည်။



ထို့နောက် ဖျော်ဖြေရေးအဖွဲ့များ တည်းခိုနေထိုင်မည့် အဆောင်များတွင် အိပ်ရာခင်းကျင်းထားမှုအခြေအနေများ၊ ကြီးကြပ်သူများကို နေရာချထားမည့်အခန်းများ၊ စားရိပ်သာများနှင့် သန့်စင်ခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ တည်းခိုနေထိုင်မည့်သူများအတွက် သောက်ရေနှင့် သုံးရေများကို အလုံအလောက်ထားရှိရန်၊ သန့်ရှင်းမှုနှင့်ကျန်းမာရေးညီညွတ်မှုရှိအောင် ဆောင်ရွက်ထားရှိရန်၊ ရေ၊ မီး၊ မိလ္လာစနစ် ကောင်းမွန်စေရေးအတွက် သက်ဆိုင်ရာအဖွဲ့အလိုက် ကြပ်မတ်ဆောင်ရွက်ရန်၊ စားရိပ်သာများကို သန့်ရှင်းသပ်ရပ်မှုရှိအောင် ပြင်ဆင်ခင်းကျင်းထားရှိနိုင်ရေးအတွက် ကြပ်မတ်ဆောင်ရွက်ရန်၊ အစားအစာများ ချက်ပြုတ်ခြင်းနှင့် ကျွေးမွေးဧည့်ခံခြင်းတို့တွင် သန့်ရှင်းမှုရှိစေရန်နှင့် ကျန်းမာရေးနှင့် ညီညွတ်မှုရှိစေရေး ဂရုပြုဆောင်ရွက်ကြရန် မှာကြားခဲ့ပါသည်။

ဆက်လက်၍ အမျိုးသားအားကစားပွဲတော်တွင် ပြိုင်ပွဲဝင်မည့် အားကစားသမားများ တည်းခိုနေထိုင်နိုင်ရန် တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် နေရာချထားမည့် အဆောင်များ၊ အိပ်ရာသုံးပစ္စည်းများ ထိန်းသိမ်းထားမှုအခြေအနေများနှင့် ဆပ်ကော်မတီရုံးခန်း ဖွင့်လှစ်မည့် အခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားခဲ့ပါသည်။

**ဒုတိယဝန်ကြီးဦးဖြိုးဇော်စိုး ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ပြိုင်ပွဲဝင်မည့် အားကစားသမားများ အုပ်ချုပ်သူ/ နည်းပြများကို ဧည့်ခံကျွေးမွေးနေမှု အခြေအနေများ ကြည့်ရှုစစ်ဆေး**

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် တည်းခိုနေထိုင်ရေးနှင့် ဧည့်ခံကျွေးမွေးရေးဆပ်ကော်မတီ ဥက္ကဋ္ဌ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးဖြိုးဇော်စိုးသည် နိုဝင်ဘာ ၁၁ ရက်နေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်အားကစားလေ့ကျင့်ရေးစခန်း Cluster-9 တွင် အမျိုးသားအားကစားပွဲတော်၌ပါဝင်ယှဉ်ပြိုင်မည့် အားကစားသမားများနှင့် အုပ်ချုပ်သူ/နည်းပြများကို တည်ခင်းဧည့်ခံကျွေးမွေးနိုင်ရန် ချက်ပြုတ်ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ တည်ခင်းကျွေးမွေးနေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။



ကြည့်ရှုစစ်ဆေးစဉ် ဒုတိယဝန်ကြီးက တည်းခိုနေထိုင်ရေးနှင့်ဧည့်ခံကျွေးမွေးရေးဆပ်ကော်မတီအနေဖြင့် ပြိုင်ပွဲဝင်ကြမည့် အားကစားသမားများ၏ တည်းခိုနေထိုင်ရေးသာမက အားကစားသမားများ စားသုံးမည့် အစားအစာများကို ဧည့်ခံကျွေးမွေးရာတွင် အာဟာရပြည့်ဝပြီး ကျန်းမာရေးနှင့်ညီညွတ်မှုရှိသော အစားအစာများဖြစ်စေရန် စနစ်တကျချက်ပြုတ်ကျွေးမွေးနိုင်ရေးအတွက် ဂရုပြုဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ စားရိပ်သာများတွင်ချက်ပြုတ်ဧည့်ခံကျွေးမွေးရန် လိုအပ်သောအသုံးအဆောင်ပစ္စည်းများကိုလည်း စနစ်တကျပြည့်ဝစွာထားရှိဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ အစားအစာများကို ပြင်ဆင်ချက်ပြုတ်ရာတွင် အလေအလွင့်မရှိအောင်နှင့် သန့်ရှင်းလတ်ဆတ်မှုရှိအောင် ပြင်ဆင်ချက်ပြုတ်ကြရမည်ဖြစ်ကြောင်း၊ ချက်ပြုတ်မည့် အသား၊ ငါးများနှင့် အသီးအရွက်များ၊ ချက်ပြုတ်ရေးအသုံးအဆောင်ပစ္စည်းများ သန့်ရှင်းရေး၊ ဝန်ဆောင်မှုပေးမည့် ဝန်ထမ်းများ၏ တစ်ကိုယ်ရေသန့်ရှင်းမှု သပ်ရပ်မှုရှိအောင် ပြင်ဆင်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း မှာကြားခဲ့ပါသည်။

## ဒုတိယဝန်ကြီးဦးဖြိုးဇော်စိုး ပဉ္စမအကြိမ်အမျိုးသားအားကစားပွဲတော် အခမ်းအနားများတွင် ဝန်ဆောင်မှုပေးမည့် ဟိုတယ်များမှ တာဝန်ရှိသူများနှင့်တွေ့ဆုံ




ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲအခမ်းအနား၊ ဆုချီးမြှင့်ပွဲအခမ်းအနားနှင့် ပိတ်ပွဲအခမ်းအနားတို့တွင် ဧည့်ခံကျွေးမွေးရေးကိစ္စရပ်များ စီစဉ်ဆောင်ရွက်နိုင်ရန်အတွက် ညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာ ၅ ရက်နေ့က နေပြည်တော်ရှိ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ နီလာအစည်းအဝေးခန်းမ၌ကျင်းပရာ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနနှင့် ဟိုတယ်များမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အောင်မြင်စွာ ကျင်းပနိုင်ရေး၊ တည်းခိုနေထိုင်ရေးနှင့် ဧည့်ခံကျွေးမွေးရေး ဆပ်ကော်မတီဥက္ကဋ္ဌ၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးက အခမ်းအနားများသို့ တက်ရောက်လာကြမည့် ဧည့်သည်များကို ကျန်းမာရေးနှင့်ညီညွတ်ပြီး သန့်ရှင်းလတ်ဆတ်သော အစားအစာများဖြင့် တည်ခင်းဧည့်ခံနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဝန်ဆောင်မှုပေးမည့် ဝန်ထမ်းများ ကူးစက်ရောဂါကင်းရှင်းရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနက ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ကြရမည်ဖြစ်သည့်အပြင် လုံခြုံရေးကိစ္စကို အထူးဂရုပြုဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးတက်ရောက်လာကြသူများက အခမ်းအနားများတွင် ဧည့်ခံကျွေးမွေးရေးအစီအစဉ်များကို ဆွေးနွေးအကြံပြုတင်ပြကြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါသည်။

## အာဆီယံခရီးသွားလုပ်ငန်းညှိနှိုင်းအစည်းအဝေး၊ ကမ္ဘာလုံးဆိုင်ရာ ရေရှည်တည်တံ့ခိုင်မြဲသော ခရီးသွားလုပ်ငန်းကွန်ဖရင့်နှင့် အာဆီယံအပျော်စီးသင်္ဘောခရီးသွားလုပ်ငန်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများကျင်းပ




စင်ကာပူနိုင်ငံတွင် နိုဝင်ဘာ ၁၃ ရက်မှ ၁၅ ရက်အထိ ကမ္ဘာလုံးဆိုင်ရာ ရေရှည်တည်တံ့ခိုင်မြဲသော ခရီးသွားလုပ်ငန်းကော်မရှင်က ဦးဆောင်ကျင်းပသည့် ကမ္ဘာလုံးဆိုင်ရာ ရေရှည်တည်တံ့ခိုင်မြဲသော ခရီးသွားလုပ်ငန်း ကွန်ဖရင့်နှင့် ဆက်စပ်၍ စင်ကာပူနိုင်ငံခရီးသွားလုပ်ငန်းဘုတ်အဖွဲ့က အိမ်ရှင်အဖြစ်လက်ခံကျင်းပသည့် အာဆီယံခရီးသွားလုပ်ငန်းညှိနှိုင်း အစည်းအဝေးနှင့် အာဆီယံ အပျော်စီးသင်္ဘောခရီးသွားလုပ်ငန်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲသို့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးမောင်မောင်ကျော် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ကြသည်။

နိုဝင်ဘာ ၁၃ ရက်တွင် စင်ကာပူနိုင်ငံ ခရီးသွားလုပ်ငန်းဘုတ်အဖွဲ့ရုံး၌ ကျင်းပသည့် အာဆီယံခရီးသွားလုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ပြီး မြန်မာနိုင်ငံ၏အဓိကခရီးသွားဈေးကွက်နိုင်ငံများနှင့် အနာဂတ်မျှော်မှန်းချက်၊ အာဆီယံခရီးသွားလုပ်ငန်းကဏ္ဍ မဟာဗျူဟာ ၂၀၃၀ ရေးဆွဲရာတွင် ကမ္ဘာ့ခရီးသွားလုပ်ငန်းအလားအလာများအရ အနာဂတ်အာဆီယံဒေသတွင်း ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းစဉ်များတွင် ထည့်သွင်းလျာထား ဆောင်ရွက်သင့်သည်များကို အကြံပြုဆွေးနွေးကြသည်။

နိုဝင်ဘာ ၁၄ရက် နှင့် ၁၅ ရက်တို့တွင် ကမ္ဘာလုံးဆိုင်ရာ ရေရှည်တည်တံ့ခိုင်မြဲသော ခရီးသွားလုပ်ငန်းကွန်ဖရင့်ကို ဆက်လက်ကျင်းပရာ ဖွင့်ပွဲအခမ်းအနားသို့ စင်ကာပူနိုင်ငံ၊ ကုန်သွယ် ရေးနှင့်စက်မှုဝန်ကြီးဌာနနှင့် ယဉ်ကျေးမှု၊ လူမှုအဖွဲ့အစည်းနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ ဝန်ကြီး Mr. Alvin Tan နှင့် ကမ္ဘာလုံးဆိုင်ရာ ရေရှည်တည်တံ့ခိုင်မြဲသောခရီးသွားလုပ်ငန်းကော်မရှင် ဥက္ကဋ္ဌ Mr. Luigi Cabrini တို့ တက်ရောက်ခဲ့ပြီး စင်ကာပူနိုင်ငံနှင့် နိုင်ငံတကာမှ စိတ်ပါဝင်စားသူ ကိုယ်စားလှယ် ၅၀၀ ကျော် တက်ရောက်ကြသည်။ အဆိုပါ ကွန်ဖရင့်တွင် နိုင်ငံတကာမှ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင်များက ခရီးသွားလုပ်ငန်းများနှင့် ခရီးစဉ်ဒေသများ ရေရှည်ဖွံ့ဖြိုး

တိုးတက်ရေးအတွက် ကမ္ဘာလုံးဆိုင်ရာရေရှည်တည်တံ့ ဖွံ့ဖြိုးတိုးတက်ရေး စံနှုန်းများ ရေးဆွဲသတ်မှတ်ထားမှု၊ ကဏ္ဍအလိုက် ခရီးသွားလုပ်ငန်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်းများ၊ အစိုးရနှင့်ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ဒေသခံပြည်သူများနှင့် ပါဝင်သက်ဆိုင်သူများ စုပေါင်းဆောင်ရွက်ရန် လိုအပ်သည်များကို ဆွေးနွေးခဲ့ကြသည်။

နိုဝင်ဘာ ၁၅ ရက် မွန်းလွဲပိုင်းတွင်အာဆီယံအပျော်စီးသင်္ဘောခရီးသွားလုပ်ငန်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲနှင့်လေ့လာရေးအစီအစဉ်သို့ ဆက်လက်ပါဝင်တက်ရောက်ခဲ့ပြီး ကမ္ဘာ့ခရီးသွားလုပ်ငန်းများအနက် အပျော်စီးသင်္ဘောခရီးသွားလုပ်ငန်းကို အလေးထားဆောင်ရွက်သင့်သည့်အခြေအနေ၊ အပျော်စီးသင်္ဘောခရီးသွားလုပ်ငန်းများတွင် သဘာဝပတ်ဝန်းကျင်ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စွမ်းအင်အသုံးပြုမှုလျော့ချရေး အစီအစဉ်များထည့်သွင်းဆောင်ရွက်နေမှုများကို ဆွေးနွေးခဲ့ကြသည်။ ထို့နောက် Marina Bay Cruise Centre Singapore နှင့် Singapore Cruise Centre အပျော်စီးသင်္ဘောဆိပ်များသို့ သွားရောက်ခဲ့ပြီး စင်္ကာပူနိုင်ငံသို့ ဝင်/ထွက်သွားလာရာတွင် လွယ်ကူအဆင်ပြေအောင် ဝန်ဆောင်မှုပေးနေမှုလုပ်ငန်းစဉ်များကို လေ့လာခဲ့ပါသည်။

## လုပ်ငန်းလိုင်စင် (၄)မျိုး ခွင့်ပြုပေးထားမှု၊ ဟိုတယ်၊ တည်းခိုရိပ်သာများဖွင့်လှစ်ထားမှု၊ ပြည်ပဧည့်သည်လာရောက်မှုများ

ဝန်ကြီးဌာနအနေဖြင့် လိုင်စင်ရခရီးသွားကုမ္ပဏီများ၏ စီစဉ်မှုဖြင့် လာရောက်သော ကမ္ဘာလှည့်ခရီးသည်များအား ခရီးစဉ်အဆင်ပြေချောမွေ့စေရေးအတွက် ဆက်စပ်ဌာနများနှင့်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိရာ ၂၄-၅-၂၀၂၂ ရက်နေ့မှ ၃၁-၁-၂၀၂၅ ရက်နေ့အထိ ကမ္ဘာလှည့်ခရီးသည်ပေါင်း (၂၅၁၄)ဦး၏ ခရီးစဉ်များအား ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါသည်။ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို အောက်ပါအတိုင်းဖော်ပြအပ်ပါသည်-

**ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းလိုင်စင် (၄)မျိုး ခွင့်ပြုပေးထားမှုစာရင်း**

| စဉ် | လိုင်စင်အမျိုးအစား | (၃၁-၁-၂၀၂၅) ထိ အရေအတွက် |
|---|---|---|
| ၁ | ဟိုတယ်လုပ်ငန်း | ၁၇၇၀(လုံး) |
| | | ၈၈၃၉၅(ခန်း) |
| ၂ | တည်းခိုရိပ်သာလုပ်ငန်း | ၆၉၅(လုံး) |
| | | ၁၃၉၅၇(ခန်း) |
| စုစုပေါင်း(ဟိုတယ်+တည်းခိုရိပ်သာ) | | ၂၄၆၅(လုံး) |
| | | ၁၀၂၃၅၂(ခန်း) |
| ၃ | ခရီးလှည့်လည်ရေးလုပ်ငန်း | |
| | (က) ပြည်တွင်း/ပြည်ဝင် | ၂၈၄၈(ခု) |
| | (ခ ) ပြည်ပ | ၉၇၈(ခု) |
| ၄ | ဧည့်လမ်းညွှန်လုပ်ငန်း | ၅၈၁၇(ခု) |
| | (က)ဧည့်လမ်းညွှန် | ၃၇၅၇(ခု) |
| | (ခ ) ဒေသဆိုင်ရာဧည့်လမ်းညွှန် | ၂၀၆၀(ခု) |

**လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနမှ ပေးပို့သော စာရင်းများအရ မြန်မာနိုင်ငံသို့ ပြည်ပဧည့်သည်လာရောက်မှုစာရင်း**

| စဉ် | အကြောင်းအရာ | ၂၀၂၄ ဇန်နဝါရီလ | ၂၀၂၅ ဇန်နဝါရီလ | တိုးတက်မှု | ရာခိုင်နှုန်း |
|---|---|---|---|---|---|
| ၁ | လေကြောင်းဖြင့်ဝင်ရောက်သူများ | ၂၃၅၀၃ | ၂၅၈၅၁ | ၂၃၄၈ | (+) ၁၀% |
| ၂ | သင်္ဘောဖြင့်ဝင်ရောက်သူများ | ၇၃ | ၃၉ | (-)၃၄ | (-) ၄၇% |
| ၃ | နယ်စပ်ဝင်ပေါက်မှအတွင်းပိုင်းထိ ဝင်ရောက်သူများ | ၁၁၉ | ၁၄၃ | ၂၄ | (+) ၂၀% |
| **ဗီဇာဖြင့်ဝင်ရောက်သူပေါင်း** | | **၂၃၆၉၅** | **၂၆၀၃၃** | **၂၃၃၈** | **(+) ၁၀%** |
| ၄ | နယ်စပ်တွင်ဝင်ရောက်သူများ (EP,BP,TBP) | ၁၁၆၁၈၈ | ၆၉၄၅၂ | -၄၆၇၃၆ | (+)၄၀% |
| **စုစုပေါင်း** | | **၁၃၉၈၈၃** | **၉၅၄၈၅** | **-၄၄၃၉၈** | **(+)၃၂%** |

၃၁-၁-၂၀၂၅ ရက်နေ့အထိ Enchanting Myanmar Health and Safety Protocol Website တွင် ဝင်ရောက်လျှောက်ထားသည့် ဟိုတယ်(၅၆၈)လုံးရှိပြီး ယာယီအသိအမှတ်ပြုလက်မှတ်ထုတ်ပေးပြီး ဟိုတယ် (၅၂၁)လုံးရှိပါသည်။ ယာယီခွင့်ပြုဟိုတယ် (၅၂၁)လုံးအနက် (၄၈၆)လုံးကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် မြေပြင်ကွင်းဆင်းစစ်ဆေးရေးအဖွဲ့များမှ မြေပြင်ကွင်းဆင်းစစ်ဆေးထောက်ခံတင်ပြလာခဲ့ပြီး အသိအမှတ်ပြုလက်မှတ်ထုတ်ပေးရေးအဖွဲ့ဝင်များ၏ သဘောတူညီချက်ဖြင့် နိုင်ငံအဆင့်အသိအမှတ်ပြု HSP Plaque များလည်း ပေးအပ်ခဲ့ပြီးဖြစ်ပါသည်။

မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ပြန်လည်ဦးမော့လာစေရေးအတွက် ခရီးသွားလုပ်ငန်းများပြန်လည်ဖွင့်လှစ်ဆောင်ရွက်ရာတွင် ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းရေး၊ ယုံကြည်စိတ်ချရသည့် ခရီးသွားဝန်ဆောင်မှုများ ဖြစ်ပေါ်လာစေရေး HSP Website: [www.hsp.tourism.gov.mm](http://www.hsp.tourism.gov.mm) သို့ ဝင်ရောက်လေ့လာပြီး လျှောက်ထားရယူနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

**တိုင်းဒေသကြီး/ပြည်နယ်အလိုက် ဒေသအဆင့် (Regional Level) အသိအမှတ်ပြုလက်မှတ်ထုတ်ပေးပြီးစီးသည့် လုပ်ငန်းများစာရင်း**

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ရှိရင်းအလုံး အရေအတွက် | အသိအမှတ်ပြုလက်မှတ် ရရှိသည့်အရေအတွက် |
|---|---|---|---|
| ၁ | နေပြည်တော်ပြည်ထောင်စုနယ်မြေ | ၁၀၂ | ၁၀၂ |
| ၂ | ရန်ကုန်တိုင်းဒေသကြီး | ၄၉၈ | ၂၆၀ |
| ၃ | မန္တလေးတိုင်းဒေသကြီး | ၆၀၃ | ၄၄၄ |
| ၄ | ပဲခူးတိုင်းဒေသကြီး | ၁၀၄ | ၉၆ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၆၅ | ၅၅ |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၆၄ | ၅၂ |
| ၇ | ဧရာဝတီတိုင်းဒေသကြီး | ၁၂၅ | ၁၀၅ |
| ၈ | မကွေးတိုင်းဒေသကြီး | ၆၀ | ၆၀ |
| ၉ | ကချင်ပြည်နယ် | ၉၁ | ၄၆ |
| ၁၀ | ကယားပြည်နယ် | ၃၃ | ၃၃ |
| ၁၁ | ကရင်ပြည်နယ် | ၆၀ | ၆၀ |
| ၁၂ | ချင်းပြည်နယ် | ၁၃ | ၁၀ |
| ၁၃ | မွန်ပြည်နယ် | ၉၂ | ၈၃ |
| ၁၄ | ရခိုင်ပြည်နယ် | ၁၀၃ | ၉၁ |
| ၁၅ | ရှမ်းပြည်နယ် | ၄၅၂ | ၃၈၈ |
| **စုစုပေါင်း** | | **၂၄၆၅** | **၁၈၈၅** |

**HSP Website တွင်National Level အသိအမှတ်ပြုလက်မှတ်လျှောက်ထားလာသည့် ဟိုတယ်နှင့်တည်းခိုရိပ်သာများစာရင်းနှင့်စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှု အခြေအနေ**

| စဉ် | နေပြည်တော် တိုင်းဒေသကြီး/ ပြည်နယ် | လျှောက်ထားလာမှု | Website တွင် Online မှ ယာယီအသိအမှတ်ပြုလက်မှတ် ထုတ်ပေးထားမှု | Online Approve များအနက် Plaque ထုတ်ပေးထားမှု | Online Approve များ အနက် Plaque မရရှိသေးသည့် ဟိုတယ်/ တည်းခိုရိပ်သာများ | ဆောင်ရွက်ဆဲ ဟိုတယ်/ တည်းခိုရိပ်သာများ | နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်များရှိ လိုင်စင်ရ ဟိုတယ်/ တည်းခိုရိပ်သာများစာရင်း | လျှောက်ထားမှု ရာခိုင်နှုန်း (%) |
|---|---|---|---|---|---|---|---|---|
| ၁ | နေပြည်တော် | ၅၈ | ၅၁ | ၅၀ | ၁ | ၇ | ၁၀၂ | ၅၇ |
| ၂ | မန္တလေး | ၅၉ | ၄၅ | ၃၇ | ၈ | ၁၄ | ၅၉၄ | ၁၀ |
| ၃ | ရန်ကုန် | ၇၆ | ၇၃ | ၇၁ | ၂ | ၃ | ၄၉၈ | ၁၅ |
| ၄ | ပဲခူး | ၁၁ | ၉ | ၉ | ၀ | ၂ | ၁၀၄ | ၁၁ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၅ | စစ်ကိုင်း | ၂၄ | ၂၂ | ၂၂ | ၀ | ၂ | ၆၅ | ၃၇ |
| ၆ | တနင်္သာရီ | ၂၆ | ၂၅ | ၂၃ | ၂ | ၁ | ၆၄ | ၄၁ |
| ၇ | ဧရာဝတီ | ၂၂ | ၂၀ | ၁၉ | ၁ | ၂ | ၁၂၅ | ၁၈ |
| ၈ | မကွေး | ၁၈ | ၁၈ | ၁၈ | ၀ | ၀ | ၆၀ | ၃၀ |
| ၉ | ကချင် | ၃ | ၃ | ၀ | ၃ | ၀ | ၉၁ | ၃ |
| ၁၀ | ကယား | ၀ | ၀ | ၀ | ၀ | ၀ | ၃၃ | ၀ |
| ၁၁ | ကရင် | ၄၅ | ၄၅ | ၄၂ | ၃ | ၀ | ၆၀ | ၇၅ |
| ၁၂ | ချင်း | ၀ | ၀ | ၀ | ၀ | ၀ | ၁၃ | ၀ |
| ၁၃ | ရခိုင် | ၁၅ | ၁၄ | ၁၂ | ၂ | ၁ | ၁၀၂ | ၁၅ |
| ၁၄ | ရှမ်း | ၁၇၅ | ၁၆၂ | ၁၅၄ | ၈ | ၁၂ | ၄၅၂ | ၃၉ |
| ၁၅ | မွန် | ၃၆ | ၃၄ | ၂၉ | ၅ | ၃ | ၉၁ | ၄၀ |
| စုစုပေါင်း | | ၅၆၈ | ၅၂၁ | ၄၈၆ | ၃၅ | ၄၇ | ၂၄၅၄ | ၂၃ |

## လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်နေမှုများ

**ဟိုတယ်ဝန်ဆောင်မှုသင်တန်းများ**

မြန်မာနိုင်ငံတွင် အလုပ်အကိုင်အခွင့်အလမ်းနှင့် လူ့စွမ်းအားအရင်းအမြစ်များဖွံ့ဖြိုးတိုးတက်လာစေရေး၊ ပြည်တွင်းပြည်ပဧည့်သည်များအား ဟိုတယ်များမှကောင်းမွန်သော ဝန်ဆောင်မှုများပေးအပ်နိုင်ရန်ရည်ရွယ်၍ ဟိုတယ်ဆိုင်ရာ ဝန်ဆောင်မှုသင်တန်း (၃)မျိုးကို မကွေးမြို့တွင် သင်တန်းသား ၉၀ ဦး၊ ကလေးမြို့တွင် ၇၈ ဦး၊ ဘားအံမြို့တွင် ၉၈ ဦး၊ ပုသိမ်မြို့တွင် ၂၀ ဦး၊ တာချီလိတ်မြို့တွင် ၈၀ ဦး၊ စုစုပေါင်းသင်တန်း (၅) ကြိမ်ကို သင်တန်းသား ၃၆၆ ဦး ဖြင့်ဖွင့်လှစ်ခဲ့ပါသည်။

**ဘာသာစကားသင်တန်းများ**

တရုတ်ဘာသာစကား HSK-II သင်တန်းကို နေပြည်တော်တွင် ၄၀ ဦး၊ ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ ရုရှားဘာသာစကားသင်တန်းကို တောင်ကြီးမြို့တွင်သင်တန်းသား ၃၃ ဦး၊ ရုရှားဘာသာစကားအခြေခံသင်တန်း အမှတ်စဉ် (၂) ကို ၅၀ ဦးဖြင့် စုစုပေါင်းသင်တန်း ၃ ကြိမ်၊ သင်တန်းသား ၁၂၃ ဦး ဖြင့် ဖွင့်လှစ်ပို့ချပေးခဲ့ပါသည်။

**ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာသင်တန်းများ**

Covid-19 Safe Service Training (Outsourcing) သင်တန်းကို ဘားအံမြို့တွင် ၅၀ ဦး၊ မော်လမြိုင်မြို့တွင် ၂၅ ဦးဖြင့်လည်းကောင်း စုစုပေါင်းသင်တန်း ၂ ကြိမ်ကို သင်တန်းသား ၇၅ ဦး ဖြင့် ဖွင့်လှစ်ခဲ့ပါသည်။

**ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်ဖြင့် ဖွင့်လှစ်သည့်သင်တန်းများ**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ CFRD ၏ ထောက်ပံ့မှုဖြင့် ဟိုတယ်ဆိုင်ရာ ဝန်ဆောင်မှု သင်တန်း ၁ ကြိမ်၊ သင်တန်းသား ၁၀၉ ဦး၊ ခရီးသွားလုပ်ငန်းနယ်ပယ်ကျွမ်းကျင်ပညာရှင်/ အသက်မွေးဝမ်းကြောင်းပြုသူများအတွက် ဒီဂျစ်တယ်နည်းပညာစွမ်းရည် မြင့်တင်ရေးသင်တန်း ၁ ကြိမ်၊ သင်တန်းသား ၃၃ ဦး၊ ဧည့်လမ်းညွှန်ဝန်ဆောင်မှုအရည်အသွေးမြင့်တင်ရေးသင်တန်း ၁ ကြိမ်၊ သင်တန်းသား ၂၄ ဦး၊ ခရီးသွားဝန်ဆောင်မှုနှင့် ခရီးစဉ်စီစဉ်ရောင်းချခြင်းဆိုင်ရာ သင်တန်း ၁ ကြိမ်၊ သင်တန်းသား ၄၁ဦး၊ စုစုပေါင်းသင်တန်း ၄ ကြိမ်၊ သင်တန်းသား ၂၀၇ ဦးဖြင့် ဖွင့်လှစ်ပို့ချပေးခဲ့ပါသည်။

**နိုင်ငံအဆင့်အာဆီယံသင်ကြားရေးဆရာဖြစ်သင်တန်း (ASEAN National Trainer) နှင့် အာဆီယံအဆင့်ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်မှုသင်တန်း (ASEAN National Assessor)**

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလမှ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလအထိ နိုင်ငံအဆင့်အာဆီယံသင်ကြားရေးဆရာဖြစ်သင်တန်း (ASEAN National Trainer) သင်တန်း ၃ကြိမ်၊ သင်တန်းသား ၇၅ ဦးဖြင့်လည်းကောင်း၊ အာဆီယံအဆင့်ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်မှုသင်တန်း (ASEAN National Assessor) သင်တန်း ၁ ကြိမ်၊ သင်တန်းသား ၂၄ ဦးဖြင့်၊ စုစုပေါင်းသင်တန်း ၄ ကြိမ်၊ သင်တန်းသား ၉၉ ဦးဖြင့် ဖွင့်လှစ်ပို့ချပေးခဲ့ပါသည်။

## ခရီးသွားမြှင့်တင်ရေးအတွက် ဆောင်ရွက်လျက်ရှိသော အစီအစဉ်များ

**အာဆီယံခရီးသွားလုပ်ငန်းဖိုရမ်-၂၀၂၅(ATF2025) သို့ပါဝင်တက်ရောက်ခြင်း**




မလေးရှားနိုင်ငံ၊ Johor ပြည်နယ်၊ Persada Johor International Convention Centre ၌ ၁၉-၁-၂၀၂၅ ရက်နေ့မှ ၂၅-၁-၂၀၂၅ ရက်နေ့ အထိ ကျင်းပပြုလုပ်ခဲ့သည့် အာဆီယံခရီးသွားလုပ်ငန်းဖိုရမ်-၂၀၂၅ (ATF 2025) သို့ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဖေယျာမျိုးအောင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ပါဝင်တက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံကိုယ်စားပြုခရီးသွားပြခန်းပါဝင်ပြသခဲ့ပါသည်။

## နိုင်ငံတကာနှင့်ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုအစီအစဉ်များ

**မဟာမဲခေါင်ဒေသခွဲခရီးသွားလုပ်ငန်းပူးပေါင်းဆောင်ရွက်ခြင်း**



ထိုင်းနိုင်ငံမှ အိမ်ရှင်အဖြစ် (၅၄)ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲခရီးသွားလုပ်ငန်းအဖွဲ့အစည်းအဝေး၊ မဲခေါင်ခရီးသွားလုပ်ငန်းညှိနှိုင်းရေးရုံးဘုတ်အဖွဲ့အစည်းအဝေးနှင့် 7th Southern Tourism Cooridor (STC) အစည်းအဝေးများကို ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ (၁၇) ရက်နေ့မှ (၁၉)ရက်နေ့အထိ Krabi မြို့တွင် In-Person စနစ်ဖြင့် အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပခဲ့ရာ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဦးဖေယျာမျိုးအောင်နှင့် လက်ထောက်ညွှန်ကြားရေးမှူး၊ ဦးကျော်စွာဝင်းတို့ ပါဝင်တက်ရောက်ဆွေးနွေးခဲ့ပါသည်။

# တိုင်းဒေသကြီး/ ပြည်နယ်များအတွင်း ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဆိုင်ရာဆောင်ရွက်မှုမှတ်တမ်း

## ကရင်ပြည်နယ်

**ကရင်ပြည်နယ်ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ (၁/၂၀၂၅) ကြိမ်မြောက်အစည်းအဝေး**




ကရင်ပြည်နယ်ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ ၁/၂၀၂၅ ကြိမ်မြောက် အစည်းအဝေးကို၂၃-၁-၂၀၂၅ ရက်နေ့ တွင် ကရင်ပြည်နယ်အစိုးရအဖွဲ့ရုံး၊ အစည်းအဝေးခန်းမ(၃)၌ ကျင်းပပြုလုပ်ခဲ့ရာ ကရင်ပြည်နယ်ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ကရင်ပြည်နယ်ဝန်ကြီးချုပ် သီရိပျံ့ချီ ဦးစောမြင့်ဦးမှ အမျိုးသားခရီးသွားဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌနှင့်ကျင်းပပြုလုပ်ခဲ့သည့် အစည်းအဝေးတွင်ခရီးစဉ်ဒေသများ သန့်ရှင်းသာယာမှုရှိစေရေး၊ ရေရှည်တည်တံ့ခိုင်မြဲစေရေး၊ လုံခြုံစိတ်ချမှုရှိစေရေးနှင့် စိမ်းလန်းစိုပြေနေစေရေး၊ ခရီးစဉ်ဒေသသစ်များထပ်မံဖော်ထုတ်နိုင်စေရေး တို့ကို ဆွေးနွေးခဲ့ကြကြောင်း၊ ခရီးသွားဧည့်သည်များ သွားလာလည်ပတ်ရာတွင် အဆင်ပြေချောမွေ့စေရေးအတွက် ဝိုင်းဝန်းဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း၊ GLIS စနစ်နှင့်ပတ်သတ်၍ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာနသို့ Form C များတိုင်ကြားရန်နှင့် အချို့ဌာနများသို့ ဧည့်စာရင်းတိုင်ကြားရန် ပေးပို့ရသည့် အရေအတွက်များပြားလည်းရှိကြောင်း၊ လျှပ်စစ်မီးပုံမှန်မရရှိသည့်အတွက် ဟိုတယ်များအနေဖြင့် မီးစက်များမောင်းနှင်ရသည့် ကိစ္စရပ်များလည်း ဆွေးနွေးခဲ့ကြောင်း၊ အမျိုးသားခရီးသွားဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်ဖြစ်သည့် ဟိုတယ်များရှိ ဝန်ထမ်းများအား Mask တပ်ဆင်စေရေးနှင့် Mask တပ်သည့် အလေ့အကျင့်ဖြစ်စေလိုကြောင်း၊ ရောဂါကြောင့်မဟုတ်ဘဲ သန့်ရှင်းသပ်ရပ်မှုရှိစေရေးအတွက်ဖြစ်ကြောင်းရှိပြီးသား ခရီးစဉ်ဒေသများ ပိုမိုသန့်ရှင်းသာယာလှပစေရေး၊ လုံခြုံစိတ်ချစေရေး၊ ခရီးစဉ်ဒေသများတွင် တောင်းရမ်းစားသောက်သူများ ကင်းစင်ပပျောက်စေရေး၊ ဧည့်သည်များ စိတ်အနှောင့်အယှက်မဖြစ်စေရန် သက်ဆိုင်ရာ စည်ပင်သာယာအာဏာပိုင်အဖွဲ့များက ကြပ်မတ်ဆောင်ရွက်သွားရန်၊ ခရီးသွားဧည့်သည်များသည် ကိုယ်ပိုင်ယာဉ်များသာမက အိုးဝေများဖြင့်လည်း လာရောက်လည်ပတ်ကြသည့်အတွက် ယာဉ်မောင်းများအနေဖြင့် သန့်ရှင်းသပ်ရပ်မှုရှိစေရေး၊ ဇွဲကပင်တောင်တက်လမ်းတွင် အမှိုက်ပုံးများဖြင့် အမှိုက်စွန့်ပစ်သည့်စနစ်ပြုလုပ်ကာ အမှိုက်ကင်းစင်စေရေး ဆောင်ရွက်သွားရန်၊ တောင်ဝိုင်းတောင်တွင် လှေကားလက်ရန်းများအား တပ်ဆင်ပေးနိုင်ရေး၊ ခရီးစဉ်ဒေသများအား အဆင့်မြှင့်တင်ဆောင်ရွက်ရာတွင်လည်း ရှိရင်းစွဲ သဘာဝအလှတရားများ မပျောက်ပျက်အောင် ဂရုပြုဆောင်ရွက်ကြရန်၊ သစ်တောသစ်ပင်များ မလိုအပ်ဘဲ ခုတ်ယူခြင်းမပြုလုပ်ရန်၊ အမှိုက်များပုံ၍ မီးရှို့ခြင်းများမပြုလုပ်ဘဲ စနစ်တကျစွန့်ပစ်သိမ်းဆည်းစေလိုကြောင်း၊ တောင်ခြေနှင့်နီးကပ်လျက်ရှိသော ဟိုတယ်များသည် မီးတားလမ်းများ ပြုလုပ်၍ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ထားရှိကြရန် လိုအပ်ကြောင်းတို့ကို တိုက်တွန်းပြောကြားခဲ့ပါသည်။

## မွန်ပြည်နယ်

**(၁/၂၀၂၅) ကြိမ်မြောက် မွန်ပြည်နယ်ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီအစည်းအဝေးကျင်းပခြင်းနှင့် ဟိုတယ်၊ မိုတယ်၊ တည်းခိုရိပ်သာများတွင် တည်းခိုနေထိုင်သည့် ဧည့်သည်များအား (FDA) ထောက်ခံချက်မရှိသော ရေသန့်ဗူးများ ဝန်ဆောင်မှုပေးအပ်ခြင်းမပြုစေရန် ဆွေးနွေးပွဲကျင်းပ**



မွန်ပြည်နယ်ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ ၁/၂၀၂၅ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၁၄-၁-၂၀၂၅ ရက်နေ့ မွန်းလွဲပိုင်းတွင် မွန်ပြည်နယ်အစိုးရအဖွဲ့ရုံး အောင်ဆန်းခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ မွန်ပြည်နယ်ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီဥက္ကဋ္ဌ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက ပြည်နယ်အတွင်းရှိ ခရီးစဉ်ဒေသများသို့ ခရီးသွားများ လာရောက်လည်ပတ်ရာတွင် ဘေးကင်းလုံခြုံမှုရှိစေရန်၊ ခရီးစဉ်ဒေသအတွင်းခရီးသွားများအတွက် လမ်းညွှန်အမှတ်အသားများထားရှိရန် ဟိုတယ်၊ မိုတယ်၊ တည်းခိုရိပ်သာများတွင် တည်းခိုနေထိုင်သည့် ဧည့်သည်များအား (FDA)ထောက်ခံချက်မရှိသော ရေသန့်ဗူးများ ဝန်ဆောင်မှုပေးအပ်ခြင်းမပြုစေရန်နှင့် မွန်ပြည်နယ်အနေဖြင့် ယခုနှစ်တွင် Asean Public Toliet Awards ရရှိမှုသည် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုအတွက် ထိရောက်သော အခန်းကဏ္ဍတစ်ရပ်ဖြစ်သည့်အတွက် ပြည်နယ်အစိုးရအဖွဲ့မှ လိုအပ်သည်များ ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည်ဖြစ်သဖြင့် ကော်မတီဝင်များ အလေးထားလိုက်နာဆောင်ရွက်ကြရန် ပြောကြားခဲ့ပါသည်။

## ရှမ်းပြည်နယ်

**ကျိုင်းတုံမြို့နယ်၊ လွိုင်မွေဒေသ ချယ်ရီပန်းပွဲတော် (၂၀၂၅)ဖွင့်ပွဲ ကျင်းပ**




ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့နယ်၊ လွိုင်မွေဒေသ ချယ်ရီပန်းပွဲတော် ၂၀၂၅ ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁ ရက်က လွိုင်မွေတောင်စခန်းမြို့၊ စတုရဋ္ဌသုမင်္ဂလစေတီအနီး ချယ်ရီပင်တန်းတွင် ကျင်းပခဲ့ပါသည်။

ဦးစွာရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင်၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဦးဖြိုးဇော်စိုးနှင့် တာဝန်ရှိသူများက ချယ်ရီပန်းပွဲတော်မုခ်ဦးအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပါသည်။

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်နှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးတို့က အမှာစကားပြောကြားပြီး ချယ်ရီပန်းပွဲတော်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)အသေးစား၊ အငယ်စား၊ အလတ်စား MSME ထုတ်ကုန်ပြပွဲကိုယ်စား အာခါတိုင်းရင်းသားကိုယ်စားလှယ် ဦးမင်းညိုက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ပါသည်။ ဆက်လက်၍ တိုင်းရင်းသားယဉ်ကျေးမှုအကအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားအဆိုတော်များက အလှည့်ကျဖျော်ဖြေတင်ဆက်ကြရာ ဖျော်ဖြေတင်ဆက်ကြသည့် အဖွဲ့များအား ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုချီးမြှင့်ငွေများအသီးသီးပေးအပ်ခဲ့ပြီးနောက် ပွဲတော်အတွင်းပြသရောင်းချသည့် ဆိုင်ခန်းများအား လှည့်လည်ကြည့်ရှုအားပေးခဲ့ပါသည်။ ချယ်ရီပန်းပွဲတော်တွင် ဒေသထွက်အစားအစာများ၊ ဝိုင်များ၊ ရိုးရာအဝတ်အထည်များစသည့် ဒေသထွက်ကုန်ပစ္စည်းများ၊ MSME ထုတ်ကုန်များ၊ ပြသရောင်းချလျက်ရှိပြီး လွိုင်မွေရေကန်ပတ်လည်နှင့် လွိုင်မွေအထင်ကရ နှစ်တစ်ရာစံအိမ်တို့တွင် လာရောက်လည်ပတ်သူများ၊ အလှဓာတ်ပုံရိုက်ကြသူများဖြင့် စည်းကားလျက်ရှိပါသည်။




လွိုင်မွေဒေသချယ်ရီပန်းပွဲတော် ၂၀၂၂ နှစ်ပထမအကြိမ်ကို ဆောင်းရာသီကာလတွင် စတင်ကျင်းပခဲ့ပြီး ယခုနှစ်ချယ်ရီပန်းပွဲတော် ၂၀၂၅ စတုတ္ထအကြိမ်ကို ဇန်နဝါရီ ၁ ရက်မှ ၅ ရက်အထိ ကျင်းပသွားမည်ဖြစ်ကာလွိုင်မွေဒေသခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးနှင့် ချယ်ရီပင်များ ရေရှည်ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် ချယ်ရီပန်းပွဲတော်ကို နှစ်စဉ်ကျင်းပသွားမည်ဖြစ်ပါသည်။

## စစ်ကိုင်းတိုင်းဒေသကြီး

**စစ်ကိုင်းတိုင်းဒေသကြီးဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ (၁/၂၀၂၅) ကြိမ်မြောက် အစည်းအဝေး**



စစ်ကိုင်းတိုင်းဒေသကြီး ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ (၁/၂၀၂၅) အစည်းအဝေးကို ဇန်နဝါရီလ ၁၀ ရက်၊ နံနက်ပိုင်းက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမတွင် ကျင်းပရာ အစည်းအဝေးသို့ ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးစီးပွားရေးရာဝန်ကြီး ဒေါ်ရီရီသန်း၊ တိုင်းဒေသကြီးခရီးသွားလုပ်ငန်း ကော်မတီ အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များ၊ ဟိုတယ်/တည်းခိုရိပ်သာလုပ်ငန်းရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

## မကွေးတိုင်းဒေသကြီး

**မကွေးတိုင်းဒေသကြီးတွင် ဟိုတယ်ဆိုင်ရာဝန်ဆောင်မှုသင်တန်း(၃)မျိုး အခမ်းအနား**




၂-၁၂-၂၀၂၄ ရက်နေ့တွင် မကွေးမြို့၊ ပြည်တော်သာ(၁)လမ်းရှိ စုပေါင်းရုံးခန်းမ၌ ဟိုတယ်ဆိုင်ရာဝန်ဆောင်မှုသင်တန်း(၃)မျိုးဖွင့်ပွဲ အခမ်းအနားကို ကျင်းပရာ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် တက်ရောက်အမှာစကားပြောကြားခဲ့ပါသည်။ အခမ်းအနားသို့ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာများမှတာဝန်ရှိသူများ၊ မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း (မကွေးဇုန်)မှ တာဝန်ရှိသူများ၊ ဟိုတယ်၊ တည်းခိုရိပ်သာများမှ လုပ်ငန်းရှင်များ၊ သင်တန်းသား/သင်တန်းသူများ တက်ရောက်ခဲ့ကြပါသည်။

**ရွှေစက်တော်ခရီးစဉ်ဒေသဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ**



မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင်၊ မင်းဘူး(စကု)မြို့နယ်ရှိ ရွှေစက်တော်ခရီးစဉ်ဒေသဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲကို မင်းဘူးမြို့၊ မင်းမင်းဟိုတယ်၌ ၂-၁-၂၀၂၅ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ရာ မင်းဘူးခရိုင်ခရီးစဉ်ဒေသဆိုင်ရာစီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူးမှ အဖွင့်အမှာစကားပြောကြားခဲ့ပြီး မကွေးတိုင်းဒေသကြီး ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ ညွှန်ကြားရေးမှူးမှ အလုပ်ရုံဆွေးနွေးပွဲကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့ပါသည်။ တက်ရောက်လာသော DMO များ၊ ရွှေစက်တော်ဂေါပကအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက အဖွဲ့(၃)ဖွဲ့ခွဲ၍

ဆွေးနွေးခဲ့ကြပြီး ရလဒ်များကို အဖွဲ့ခေါင်းဆောင်များက စကားဝိုင်းဆွေးနွေးပွဲဖြင့် ရှင်းလင်းဆွေးနွေးခဲ့ကြပြီး အဆိုပါအခမ်းအနားသို့ မင်းဘူးခရိုင်ခရီးစဉ်ဒေသဆိုင်ရာ စီမံခန့်ခွဲရေး (DMO) ကော်မတီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ဟိုတယ်လုပ်ငန်းရှင်များ စုစုပေါင်း (၄၅)ဦး တက်ရောက်ခဲ့ပါသည်။

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် (၆)ကြိမ်မြောက် အက်ခ်မက်ခရီးသွားလုပ်ငန်းဝန်ကြီးများ အစည်းအဝေးတက်ရောက်



ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ ခရီးသွားလုပ်ငန်းဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများပါဝင်သည့် စီအယ်လ်အမ်ဗွီ (CLMV) နှင့် အက်ခ်မက်(ACMECS) ခရီးသွားလုပ်ငန်းဝန်ကြီးများ အစည်းအဝေးနှင့်အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးများကို နိုဝင်ဘာ ၂၇ ရက်မှ ၂၉ ရက်အထိ ရန်ကုန်မြို့၊ ဆီဒိုးနားဟိုတယ်၌ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိရာ နိုဝင်ဘာ ၂၈ ရက်နေ့ နံနက်ပိုင်းတွင် ကျင်းပသည့် (၆) ကြိမ်မြောက် အက်ခ်မက်ခရီးသွားလုပ်ငန်းဝန်ကြီးများ အစည်းအဝေးသို့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာသက်သက်ခိုင် တက်ရောက်သည်။

အစည်းအဝေးတွင် လာအိုနိုင်ငံ၊ သတင်းအချက်အလက်၊ ယဉ်ကျေးမှုနှင့်ခရီးသွားလုပ်ငန်းဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး Ms. Darany Phommavongsa က အလှည့်ကျဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး အဆိုပါအစည်းအဝေးသို့ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ ဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

အဆိုပါအစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက တရုတ်နိုင်ငံ၊ ကူမင်းမြို့၌ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာ ၇ ရက်က ကျင်းပခဲ့သည့် အက်ခ်မက်ထိပ်သီးအစည်းအဝေးမှ အက်ခ်မက်ဒေသတွင်း ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ငါးနိုင်ငံခရီးစဉ်တစ်ခုအပါအဝင် ခရီးသွားလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရေး၊ အက်ခ်မက်ခရီးသွားလုပ်ငန်းအမှတ်တံဆိပ်အား မြန်မာနိုင်ငံမှ အသုံးပြုမှုနှင့် အဖွဲ့ဝင်နိုင်ငံများအားလုံးကျယ်ကျယ်ပြန့်ပြန့်အသုံးပြုစေရေး၊ အက်ခ်မက်ခရီးသွားလုပ်ငန်းပူးပေါင်းဆောင်ရွက်ရေးအစီအစဉ် ၂၀၂၃-၂၀၂၅ အရ မြန်မာနိုင်ငံဆောင်ရွက်ထားရှိမှု၊ မြန်မာနိုင်ငံတွင် ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်ဝန်ဆောင်မှုလုပ်ငန်းများအတွက် SOP များ ရေးဆွဲဆောင်ရွက်မှု၊ ခရီးသွားဧည့်သည်များအတွက် ဆိုက်ရောက်ဗီဇာခွင့်ပြုပေးမှု၊ အစည်းအဝေးမှ ထုတ်ပြန်သွားမည့် (၆) ကြိမ်မြောက် အက်ခ်မက် (ACMECS) ခရီးသွားလုပ်ငန်းဝန်ကြီးများ အစည်းအဝေးဥက္ကဋ္ဌ၏ သတင်းထုတ်ပြန်ချက်တွင် မြန်မာနိုင်ငံမှ ထည့်သွင်းဖော်ပြစေလိုသည့်ကိစ္စရပ်များ၊ မြန်မာနိုင်ငံအနေဖြင့် (၆) ကြိမ်မြောက် အက်ခ်မက်(ACMECS) ခရီးသွားလုပ်ငန်းဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ၏ အစည်းအဝေးဥက္ကဋ္ဌ တာဝန်ထမ်းဆောင်မည့်အပေါ် အတည်ပြုချက်များကို ဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် (၆) ကြိမ်မြောက် အက်ခ်မက်ခရီးသွားလုပ်ငန်းဝန်ကြီးများ အစည်းအဝေးသတင်းစာရှင်းလင်းပွဲသို့ ပါဝင်တက်ရောက်ခဲ့ပြီး အစည်းအဝေးတက်ရောက်ကြသည့် စီအယ်လ်အမ်ဗွီနှင့် အက်ခ်မက်အဖွဲ့ဝင်နိုင်ငံများမှ ခရီးသွားလုပ်ငန်းဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများနှင့် ကိုယ်စားလှယ်များနှင့်အတူ ယဉ်ကျေးမှုပြတိုက်၊ ဗိုလ်ချုပ်ဈေး၊ မဟာဗန္ဓုလပန်းခြံနှင့် ရွှေတိဂုံစေတီတော်မြတ်ကြီးတို့ကို လှည့်လည်ကြည့်ရှုကြသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် စီအယ်လ်အမ်ဗွီနှင့် အက်ခ်မက်အဖွဲ့ဝင်နိုင်ငံများမှ ခရီးသွားလုပ်ငန်းဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ၊ ကိုယ်စားလှယ်များအား မြန်မာနိုင်ငံမှ တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်ခဲ့ပါသည်။

## ဧရာဝတီတိုင်းဒေသကြီး

### ဧရာဝတီတိုင်းဒေသကြီး ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ



ဧရာဝတီတိုင်းဒေသကြီး၊ ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ (၃/၂၀၂၄) ကြိမ်မြောက်အစည်းအဝေးကို ၁၁-၁၂-၂၀၂၄ ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီးဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း ဦးဆောင်၍ကျင်းပပြုလုပ်ရာ ကမ်းခြေခရီးသွားလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ဟိုတယ်နှင့်တည်းခိုရိပ်သာအဆောက်အဦးတိုးချဲ့ခြင်းလုပ်ငန်းတင်ပြမှုများရှိလာကြောင်း၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ အဆင့်မီသည့် ဟိုတယ်၊ တည်းခိုရိပ်သာများဖြစ်ရန်လိုကြောင်း၊ ကမ်းခြေဒေသများတွင် စည်းကမ်းမဲ့အမှိုက်စွန့်ပစ်ခြင်းကြောင့် ရေသယံဇာတများ ပျက်စီးဆုံးရှုံးမှုများ မဖြစ်ပေါ်စေရန်နှင့် အမှိုက်ကင်းရှင်းရေးစစ်ဆေးကြပ်မတ်ဆောင်ရွက်ရန်လိုကြောင်း၊ ဟိုတယ်၊ တည်းခိုရိပ်သာများအနေဖြင့် မိမိတို့၏အစဉ်အလာကောင်းများဖြစ်သည့် ဖော်ရွေမှုများ၊ ဆွဲဆောင်မှုများဖြင့် ဝန်ဆောင်မှုများပေးရန် လိုအပ်ကြောင်း၊ တိုင်းဒေသကြီးအတွင်း ခရီးသွားများပိုမိုဝင်ရောက်လာသည်နှင့်အမျှ မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပရေးနှင့် Green Zone Area ဖော်ဆောင်ရေးလုပ်ငန်းများ ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားခဲ့ပါသည်။